ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့၊ (6-1-2006) (၄၈၃၂)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

လာအို

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးသည် အဓိကအရေးကြီး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်ဟု ခံယူကြိုးပမ်း

အမျိုးသားညီလာခံ အောင်မြင်ရေးသည် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်
လူမှုရေးအသင်းအဖွဲ့များနှင့် လူထုကြီးက အမျိုးသားညီလာခံကို ထောက်ခံကြောင်း ထုတ်ဖော်ပြသနေ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်သူကို ကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားစုံ ပါဝင်ပြီး အစုအဖွဲ့ အစည်းအဝေးများ၊ စုံညီအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြပြီး ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြ ညှိနှိုင်းတိုင်ပင်နေသည့် စစ်မှန်သော လူထုညီလာခံကြီးဖြစ်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၆-၁-၂၀၀၆
(သောကြာနေ့)

တိုးတက်ဖြစ်ထွန်းမှုများ မပျက်မယွင်းအောင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်လက်တွဲကာကွယ်

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးအတူ၊ ပူအမျှ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်လာခဲ့ရာ ယနေ့ကာလတိုင်ဖြစ်သည်။

မြန်မာတို့သည် ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပြီး နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးကြသူများဖြစ်ရာ တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုဟူသမျှကို ခေါင်းငုံ့မခံဘဲ ရှုပ်ရှပ်ချွံချွံတွန်းလှန်ခဲ့ကြသည့် အစဉ်အလာရှိသည်။

မြန်မာ့သမိုင်းစဉ်တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့၍ နယ်ချဲ့တို့၏ စိုးမိုးအုပ်ချုပ်မှုခံခဲ့ရသော်လည်း သူ့ကျွန်မခံလိုသူ တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့၏ စွန့်လွှတ်စွန့်စား အသက်ပေးကြိုးပမ်းမှုဖြင့် ဆုံးရှုံးသွားသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ ယင်းသို့ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ဖြင့် စွန့်လွှတ်စွန့်စားတတ်သည့် မျိုးရိုးဗီဇစိတ်ဓာတ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည်ဖြစ်သည်။

ထို့ကြောင့် ဘိုးဘွားများ အစဉ်အဆက်အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်း လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်တွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာနေစေရန် တည်ဆောက်ထားရမည်ဖြစ်သည်။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့က ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **ယခုအချိန်မှာ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး အရှိန်အဟုန်နဲ့ တိုးတက်လာနေတာ အားလုံး မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ ပြည်တွင်းကရော၊ ပြည်ပကပါ အဖျက်သမားအန္တရာယ်တွေရှိနေတာကြောင့် ဤဖြစ်တည်တိုးတက်မှုတွေ မပျက်မယွင်း မပျောက်မပျက်စေရအောင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်** ဟူ၍ မှာကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက် တွေ့ကြုံဖြတ်သန်းခဲ့ရသည့် သမိုင်းသင်ခန်းစာ အတွေ့အကြုံများကိုရယူပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု စသည့် ကဏ္ဍအလိုက် အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ဘိုးဘွားအစဉ်အဆက် အသက်ပေးရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ချစ်ခင်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းရင်း နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေမှုများ မပျက်မယွင်း မပျောက်မပျက်စေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအားဖြင့် ထာဝစဉ်လက်တွဲ ကာကွယ် စောင့်ရှောက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၆) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းငွေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းငွေးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖွင့်လှစ်

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၁၆)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(စွမ်းအင်)

ဘုရားဖြူဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသ၏ (၈၅)နှစ်မြောက်မွေးနေ့ ဝိဇာတမင်္ဂလာနှင့် သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာအထိမ်းအမှတ် တရားပွဲအဖြစ် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ဇန်နဝါရီ ၈ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဘုရားဖြူဆရာတော်ကြီး ကိုယ်တိုင် တရားတော်များဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အစားအသောက် (ယိုစုံ)များနှင့် ပတ်သက်၍ အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အောက်ဖော်ပြပါ မန္တလေးမြို့ဈေးကွက်မှ ယိုစုံများမှာ အစားအသောက်တွင် သုံးခွင့်မပြုသော ဆိုးဆေးများ (Non-permitted Food Colour) အသုံးပြုထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် စားသုံးရန် မသင့်သော ယိုစုံများဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်နှင့်ယိုစုံအမျိုးအစား	လုပ်ငန်းအမည်နှင့် လိပ်စာဖော်ပြချက်
၁။	"မြမြအေး" အမှတ်တံဆိပ် မက်မန်းယို	မြမြအေး ပြင်ဦးလွင် မက်မန်းနှင့်သစ်သီးယိုစုံ
၂။	"ဆင်ဖြူတော်" အမှတ်တံဆိပ် မရမ်းယို	ဆင်ဖြူတော်ကျောက်မဲဆားချိုသီးနှင့် သစ်သီးယိုစုံ
၃။	"ဆင်ဖြူတော်" အမှတ်တံဆိပ် မရမ်းပေါင်းခြောက်	ဆင်ဖြူတော်ကျောက်မဲဆားချိုသီးနှင့် သစ်သီးယိုစုံ
၄။	" 123/ ONE TWO THREE "အမှတ်တံဆိပ် ငွေးသီးအဖတ်သေး	ဖော်ပြထားခြင်းမရှိပါ
၅။	"ရှင်းရီ" အမှတ်တံဆိပ် ခံသီး	ရှင်းရီမက်မန်းနှင့် သီးစုံ
၆။	"မြစိမ်း" အမှတ်တံဆိပ် သရက်ပေါင်း	မြစိမ်းယိုစုံနှင့် စားသောက်ကုန်လုပ်ငန်း
၇။	"ရွှေတိုး" အမှတ်တံဆိပ် ဆီးယို	ရွှေတိုးသီးစုံယို ဆ ၂/၇၀-၇၃ လမ်းကြား၊ မြို့သစ် ချမ်းမြသာစည်မြို့နယ်၊ မန္တလေး

၃။ အစားအသောက်ထုတ်လုပ်သူများသည် အရည်အသွေးအာမခံချက်ရှိသော အစားအသောက်သုံး ဆိုးဆေးများကိုသာ အသုံးပြုထုတ်လုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အဝိဇ္ဇာန်

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းထက် မွန်မြတ်သော လုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေး ကာကွယ် စောင့်ရှောက်ကြပါစို့"

❍ အမျိုးသားညီလာခံမှ

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ်သုံးဦး၏ ဖတ်ကြားတင်ပြချက်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းမှ ဦးရှိသီး၊ ဧရာဝတီတိုင်းမှ ဒေါ်စန်းစန်းဌေး၊ ချင်းပြည်နယ်မှ ဦးပြေလေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါ်အေးချိုစိန်၊ မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့်နှင့် ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြု ချက်စာတမ်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင်၊ပဲခူးတိုင်းမှ ဦးစောလင်းအောင်နှင့် မန္တလေးတိုင်းမှ ဦးမြင့်ကျော်တို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးကြသည်။

ဆောင်ရွက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမန်းအုံးမောင်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ၁၀၆၉ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ကိုယ်စားလှယ်သုံးဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းသုံးပိုင်းခွဲပြီး ဖတ်ကြားတင်ပြကြရာ ဦးစွာ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်က ဖတ်ကြားတင်ပြသည်။

(ဒေါက်တာမူထန်၏ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

(ဦးအောင်သိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်က ဖတ်ကြားတင်ပြသည်။

(ဦးထွန်းကျော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာတွင် ဦးစွာ စစ်ကိုင်းတိုင်းမှ ဦးရှိသီးက ဖတ်ကြားတင်ပြသည်။

(ဦးရှိသီး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ဧရာဝတီတိုင်းမှ ဒေါ်စန်းစန်းဌေးက ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဒေါ်စန်းစန်းဌေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ချင်းပြည်နယ်မှ ဦးပြေလေက ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးပြေလေ၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါ်အေးချိုစိန်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဒေါ်အေးချိုစိန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့်က ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

(ဒေါ်ခင်လေးမြင့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးစိုင်းသိန်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာတွင် ဦးစွာ မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင်က ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးမင်းလွန်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးစောလင်းအောင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးစောလင်းအောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ မန္တလေးတိုင်းမှ ဦးမြင့်ကျော်က ဖတ်ကြားတင်ပြသည်။

(ဦးမြင့်ကျော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၃နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဇန်နဝါရီ ၆ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

အမေရိကန်က လေကြောင်းမှတိုက်ခိုက်မှုကြောင့် အီရတ်မိသားစုဝင် ၁၄ ဦး သေဆုံးခဲ့ရဟုဆို

တီကရစ်(အီရတ်) ဇန်နဝါရီ ၄

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံချက်စက်ရုံရှိရာ ဘေဂျီမြို့မှ အိမ်ထောင်စုတစ်စုအား လေကြောင်းမှ တိုက်ခိုက်ရာတွင် မိသားစုဝင် ၁၄ ဦး သေဆုံးခဲ့ရကြောင်းဖြင့် အီရတ်လုံခြုံရေး တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းသို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အိမ်တစ်အိမ်ပျက်စီးပြီး အိမ်တွင်းရှိ လူ ၁၄ ဦး သေဆုံးကြောင်း အမေရိကန်နှင့် အီရတ် တပ်ဖွဲ့တို့၏ ပူးပေါင်းညှိနှိုင်းရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တနင်္လာနေ့ညက ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် အခြားအိမ်လေးအိမ် ပျက်စီးခဲ့ရပြီး လူသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။ မိမိတို့သည် ယင်းသတင်းကို အီရတ်တပ်ဖွဲ့နှင့် ဘေဂျီရှိကြည်းတပ်မှ ရရှိသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ရုတ်ခြည်းအားဖြင့် ဝေဖန် ပြောကြားမှုမရှိသေးပေ။ ဘေဂျီမြို့သည် ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှု အတန်အသင့်ရှိသည့်မြို့ဖြစ်သည်။ ပြောက်ကျားများက ယင်းမြို့ရှိ ရေနံချက်စက်ရုံ၏ ရေနံထုတ်လုပ်မှု ကမောက်ကမ ဖြစ်စေရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့ကြသည်။

လွန်ခဲ့သည့် လအတွင်း ယင်းရေနံချက်စက်ရုံကို ပိတ်ခဲ့ရသဖြင့် အီရတ်နိုင်ငံတစ်ဝန်း ရေနံပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏ အရှေ့မြောက်ပိုင်း ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်ဒါဟာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ကို ပစ်မှတ်ထားပုံရ

ကဘူး ဇန်နဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲစရာ ပစ္စည်းအပြည့်အသိပ် တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီး ကန်ဒါဟာပြည်နယ်တွင် ပေါက်ကွဲခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သမီးအပါအဝင် ဖြတ်သန်းသွားလာသူ နှစ်ဦးနှင့် ဗုံးဖောက်ခွဲသူ သေဆုံးခဲ့သည်ဟု ကန်ဒါဟာမြို့ရှိ ရဲချုပ် အဗ္ဗဒုဟာကင်ခမ်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၎င်းက သတင်းအချက်အလက်များကို အသေးစိတ် ထုတ်ဖော်ပြောကြားမှု မရှိပေ။ သို့ရာတွင် ဒေသခံများကမူ အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ကို ပစ်မှတ်ထား တိုက်ခိုက်သည်ဟု ယုံကြည်ကြသည်။ ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန် ကြည်းတပ်မှ ယာဉ်တစ်စီး အနည်းငယ်ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တာလီဘန် ပြောက်ကျားများ၏ အကြွင်းအကျန်အုပ်စုအဖြစ် သင်္ကာမကင်းခံရသူများက လွန်ခဲ့သည့်နှစ်လတာကာလအတွင်း ဗုံးဖောက်ခွဲမှုများကို ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၌ ၁၀လအတွင်း မူးယစ်ဆေးဝါး တန် ၂၁၀ သိမ်းဆည်း

တီဟီရန် ဇန်နဝါရီ ၄

အီရန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်း၌ ၂၀၀၅ ခုနှစ် မတ်မှ ဒီဇင်ဘာအထိ မူးယစ်ဆေးဝါးတန်ချိန် ၂၁၀ ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း နိုင်ငံပိုင် အိုင်အာအင်အေ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ယင်းမူးယစ်ဆေးဝါး ပမာဏမှာ ၂၀၀၄ ခုနှစ် အလားတူကာလတွင် သိမ်းဆည်းရရှိခဲ့သော မူးယစ်ဆေးဝါး ပမာဏနှင့် နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အီရန်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဌာနချုပ် အကြီးအကဲ မီဒီအဘူအီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီး

အဆိုပါ မူးယစ်ဆေးဝါးများတွင် ဘိန်းဖြူ ၄ ဒသမ ၃၅ တန်၊ မော်ဖင်း ၄ ဒသမ ၉ တန်၊ ဆေးခြောက် ၃၆ ဒသမ ၃ တန်နှင့် ဘိန်း ၁၆၅ ဒသမ ၃ တန်ပါဝင်ကြောင်း အဘူအီက ပြောကြားသည်။ ၂၀၀၅ ခုနှစ် မတ်မှ ဒီဇင်ဘာအထိ ၁၀လတာကာလအတွင်း မူးယစ်ဆေးဝါး မှောင်ခိုသူ ၈၇၉၀၀ နှင့် မူးယစ်ဆေးဝါးစွဲနေသူ ၁၉၄၀၀၀ တို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ စစ်ဆင်ရေးဆောင်ရွက်စဉ် ရဲအရာရှိ ၃၀ သေဆုံးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

တရားဝင်ထုတ်ပြန်

တရားဝင်ထုတ်ပြန်သော စာရင်းအရ အီရန်နိုင်ငံတွင် မူးယစ်ဆေးဝါးစွဲနေသူ နှစ်သန်းထက်မနည်းရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီသံအမတ်ကြီး၏ မော်တော်ယာဉ်တန်း ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

သေနတ်သမားများက ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် အီရတ်ဆိုင်ရာ တူရကီသံအမတ်ကြီး၏ မော်တော်ယာဉ်တန်းကို တနင်္လာနေ့က တိုက်ခိုက်ရာ တူရကီသံအမတ်ကြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမည်မသိ သေနတ်သမားများက တူရကီသံအမတ်ကြီး၏ မော်တော်ယာဉ်တန်းကို ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်သို့သွားရာ အဝေးပြေးလမ်းပေါ်တွင် သေနတ်များဖြင့် ပစ်ခတ်ကြသည်ဟု သတင်းရပ်ကွက်ကပြောကြားသည်။

တူရကီသံအမတ်ကြီးသည် ယင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ ယာဉ်အနည်းငယ်ပျက်စီးခဲ့ရသည်ဟု သတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။ အီရတ်ဆိုင်ရာ တူရကီသံအမတ်ကြီး ယူနယ်စီဗီကော့ဇ်၏ မော်တော်ယာဉ်တန်းကို တိုက်ခိုက်ခံရမှုတွင် ယာဉ်သုံးစီးသာပျက်စီး ခဲ့ပြီး အသေအပျောက်မရှိဟု အနတိုလီယာသတင်းဌာနက သံအမတ်ကြီး၏ လက်ထောက်အား ကိုးကား၍ ဖော်ပြသည်။ တူရကီသံအမတ်ကြီးသည် ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် ဆွန်နီထိပ်တန်း ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မော်တော်ယာဉ်တန်းဖြင့် ရုံးသို့ ပြန်လာခဲ့ခြင်းဖြစ်သည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကယ်လီဖိုးနီးယားပြည်နယ် ဒေသများတွင် မိုးသည်းထန်၍ အရေးပေါ်အခြေအနေ ထုတ်ပြန်ထား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၄

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဒေသအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် မြောက်ပိုင်းဒေသများကို ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်သူ အာနီးက အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ကြောင်းဖြင့် ဆင်ဟွာသတင်းအရ သိရှိရသည်။ ယင်းဒေသများတွင် မိုးဆက်လက် သည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သည်။

ထုတ်ပြန်ကြေညာ

ပြည်နယ်၏မြို့တော်ရှိရာ စကရာမင်တို ဒေသအပါအဝင် ဖော်ပြပါဒေသများ၏ အခြေအနေများသည် ဒေသခံပြည်သူများ၏ လုံခြုံမှုနှင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများအတွက် အလွန်တရာ အန္တရာယ်ရှိသော အခြေအနေဖြစ်သည်ဟု အာနီးက တနင်္လာနေ့ မွန်းလွဲပိုင်းက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

မုန်တိုင်းများ ဆက်လက်တိုက်ခတ်ပြီး မကြုံစဖူး သည်းထန်သည့် မိုးရွာသွန်းမှုကြောင့် ရေလျှံ၊ မြေပြိုပြီး ကားလမ်းများပျက်စီးခဲ့ရသည်ဟု ဆိုသည်။

ကယ်လီဖိုးနီးယား မြောက်ပိုင်းဒေသတွင် စနေနေ့က မုန်တိုင်းဒဏ်ကြောင့် လဲကျသော သစ်ပင်ပိမိသည့်အတွက် လူတစ်ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စန်တာဘာဘရာတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်မှုဖြစ်ပွားစဉ်အတွင်း ကမ်းခြေပေါ်သို့ တင်သွားသော လှေငယ်တစ်စီးကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အယ်လ်-ဂျာဇီယာ ရုပ်မြင်သံကြားသတင်းထောက်နှင့်အဖွဲ့ ထိန်းသိမ်းခံရပြီးနောက် ပြန်လည်လွတ်မြောက်လာ

ဒူဘိုင်း ဇန်နဝါရီ ၄

အမေရိကန်နှင့် အာဖဂန်နစ္စတန် တပ်ဖွဲ့များက အယ်လ်-ဂျာဇီယာ အာရပ်ရုပ်မြင်သံကြားဌာနမှ ကဘူး သတင်းထောက်၊ ၎င်း၏ ယာဉ်မောင်းနှင့် ဓာတ်ပုံဆရာတစ်ဦးတို့ကို ထိန်းသိမ်းမေးမြန်းခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ကန့်သတ်မှုရှိ

၎င်းတို့ အဖမ်းခံရသည့်နေရာမှာ သတင်းထောက်များ ဝင်ရောက်ခွင့်မရှိသည့်နေရာဖြစ်ပြီး သတင်းရယူမှုနှင့် စပ်လျဉ်း၍ ကန့်သတ်မှုများရှိသည်ကို မိမိတို့ သုံးဦးမသိရှိခဲ့ဟု ၎င်းသတင်းထောက်က ပြောကြားသည်။

ဓာတ်ပုံရိုက်

အာဖဂန်နစ္စတန်တွင် လုပ်ငန်းတာဝန်ထမ်းဆောင်သည့် အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ၏ ဌာနချုပ် အနီးတွင် လုံခြုံရေးဆိုင်ရာနေရာများကို ဖော်ပြပါအဖွဲ့က ဓာတ်ပုံရိုက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်ကို ကိုးကား၍ အယ်လ်-ဂျာဇီယာရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီနိုင်ငံသား ခရီးသည်ငါးဦး ယီမင်နိုင်ငံတွင် ပြန်ပေးဆွဲခံရ

ဘာလင် ဇန်နဝါရီ ၄

ယီမင်အာဏာပိုင်များက ဖမ်းထားသည့် ယီမင်မျိုးနွယ်စုဝင်များ လွတ်မြောက်ရေးအတွက် တောင်းဆိုသည့် အနေဖြင့် ယီမင်မျိုးနွယ်စုနွယ်ဝင်အုပ်စုက အီတလီနိုင်ငံသား ခရီးသည်ငါးဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဂျာမနီသတင်းဌာနက ဖော်ပြသည်။

၎င်းခရီးသည်ငါးဦးသည် ဆာနားမြို့တော် အရှေ့ပိုင်း ကီလိုမီတာ ၁၇၀ ခန့်အကွာရှိ မာရစ်ပြည်နယ်တွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်ဟု ဂျာမန်သတင်းဌာနက ပြောကြားသည်။

ယီမင်မျိုးနွယ်နွယ်စုဝင် အုပ်စုက ဂျာမန်ဇာစာခံ ငါးဦးကို သုံးရက်ကြာ ပြန်ပေးဆွဲပြီးနောက် ဘေးမသီရန်မခ ပြန်လည်လွှတ်ပေးခဲ့သည်။

ယီမင်နိုင်ငံတွင် ပြည်ပနိုင်ငံသားများအား ပြန်ပေးဆွဲနေမှုကို နှိမ်နင်းရန် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလီက ကတိကဝတ်ပြုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း

ပြည်နယ်နှင့်တိုင်း ဒေသအလိုက် စက်မှုဇုန်များ တိုးတက်ဖြစ်ထွန်းလာ

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍပေါ်တွင် အဓိကတည်မှီနေသည်။ ထို့ကြောင့် လယ်ယာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရင်း စက်မှုကဏ္ဍကိုလည်း တစ်ပြိုင်တည်း တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍ မြင့်မားတိုးတက်စေရန်အတွက် ၁၉၉၅ ခုနှစ်တွင် "မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ" ကို ဖွဲ့စည်းပြီးဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏ အားပေးပျိုးထောင်မှု ၊ စက်မှုကဏ္ဍဆိုင်ရာ ပညာရှင်များ၊



မန္တလေးတိုင်း မန္တလေးစက်မှုဇုန်ရှိ ခေတ်မီသံရည်ကျို စက်ရုံစီမံကိန်းမှ သံရည်ကျိုစက် အမှတ်(၂)တွင် သံရည်သွန်းလောင်းနေမှုကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက် ဒေသအလိုက် ပေါ်ထွန်းလာသော စက်မှုဇုန်များ

စဉ်	ပြည်နယ်/တိုင်း	စက်မှုဇုန်	၁၉၈၈	၂၀၀၅
၁	ရန်ကုန်တိုင်း	ရန်ကုန်(အရှေ့ပိုင်း)စက်မှုဇုန် ရန်ကုန်(အနောက်ပိုင်း)စက်မှုဇုန် ရန်ကုန်(တောင်ပိုင်း)စက်မှုဇုန် ရန်ကုန်(မြောက်ပိုင်း)စက်မှုဇုန်	–	၄
၂	မန္တလေးတိုင်း	မန္တလေးစက်မှုဇုန်၊မြင်းခြံစက်မှုဇုန်၊မိတ္ထီလာစက်မှုဇုန်	–	၃
၃	မကွေးတိုင်း	ရေနံချောင်းစက်မှုဇုန်၊ပခုက္ကူစက်မှုဇုန်	–	၂
၄	ပဲခူးတိုင်း	ပဲခူးစက်မှုဇုန်	–	၁
၅	ဧရာဝတီတိုင်း	ပုသိမ်စက်မှုဇုန်၊မြောင်းမြစက်မှုဇုန်၊ဟင်္သာတစက်မှုဇုန်	–	၃
၆	စစ်ကိုင်းတိုင်း	မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်	–	၂
၇	မွန်ပြည်နယ်	မော်လမြိုင်စက်မှုဇုန်	–	၁
၈	တနင်္သာရီတိုင်း	မြိတ်စက်မှုဇုန်	–	၁
၉	ရှမ်းပြည်နယ်	တောင်ကြီး(အေးသာယာစက်မှုဇုန်)	–	၁

ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အားကြိုးမာန်တက် ဆောင်ရွက် နိုင်မှုများကြောင့် မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒများနှင့်အညီ ဦးတည်ချက်ရှိရှိ၊ အစီအမံရှိရှိ ပြောင်းလဲတိုးတက်လာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကျင့်သုံးဖော်ဆောင်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက စက်မှုလုပ်ငန်းများလည်း အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာခဲ့သည်။ ၂၀၀၃ခုနှစ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင် ၄၀၀၀၀ ခန့်ရှိခဲ့ပြီး ပြန့်ကျဲနေသော ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များကို အခြေအနေပေးသော ပြည်နယ်နှင့်တိုင်းများအတွင်းရှိ နယ်မြေဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးခဲ့ရာ စက်မှုဇုန် ၁၈ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

စက်မှုဇုန်များသည် ပန်းပဲဖိုအဆင့်မှ လွန်မြောက်၍ ခေတ်မီ စက်ကိရိယာပစ္စည်းများကိုစတင်သုံးစွဲပြီး စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်လာနိုင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။ စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်နေသည့်အဆင့်မှ အဆင့်မြင့် စက်ပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသအလိုက် ထူထောင်ထားသော စက်မှုဇုန်များတိုးတက်ဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ॥

နှစ်ထပ်တိုက်ကျောင်း ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ်စာသင်တိုက်အတွင်း စာသင်သားသံဃာများ သီတင်းသုံးရန် ဗုဒ္ဓဝါဒီနှစ်ထပ်တိုက်ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ၅ရက်နံနက်က ကျင်းပရာ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်ပါမောက္ခချုပ်(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းပြုပြင်စောင့်ရှောက်ရေးအဖွဲ့၏ မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ဥက္ကဋ္ဌဦးစိုးမြက ကျောင်းဒါယကာဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာဝေဝေတို့အား ပေးအပ်ပြီး ကျောင်းတိုက်ကြီး၏ ပဓာနဆရာတော်(နိုင်ငံတော်ဗဟိုဝန်ဆောင်) အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တဉာဏမဥ္ဇူထံမှ ရေစက်ချတရားနာယူကြသည်။ (၅၃၅)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)ဈေး မီးဘေးကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၇ ရက်က ဈေးအတွင်းကျင်းပရာ မီးသတ်ဦးစီးဌာနမှူး ဦးမြင့်စန်းနှင့် ဈေးတာဝန်ခံ ဦးအောင်လင်းဦးတို့က မီးကြိုတင်ကာကွယ်ရေးဟောပြောစဉ်။ (စည်ပင်)

လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းက ရသောအမွေ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

စာရေးဆရာလှိုင်သင်း (ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်)ဘာသာ ပြန်ဆိုရေးသားသော လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေစာအုပ်ကို ပါရမီစာပေက ယနေ့ဖြန့်ချိလိုက်သည်။

ဤစာအုပ်တွင် လူ့ယဉ်ကျေးမှု၏ သဘောသဘာဝနှင့် အခြေခံအကြောင်းတရားများကို အသေးစိတ်ဖော်ပြထားပြီး အီဂျစ်နှင့်အရှေ့တစ်လျှောက်ရှိ အိန္ဒိယ၊တရုတ်၊ဂျပန်တို့၏ လူ့ယဉ်ကျေးမှုသမိုင်း၊ ဂရိနှင့် ရောမ လူ့ယဉ်ကျေးမှုသမိုင်း၊ ဥရောပ၊ အာရှ၊ အာဖရိကယဉ်ကျေးမှုသမိုင်း၊ ဥရောပနိုင်ငံများ၏ ယဉ်ကျေးမှုသမိုင်း၊ ဥရောပစာပေနှင့် ယဉ်ကျေးမှုသမိုင်း စသည့်ယဉ်ကျေးမှုသမိုင်းများကို အပိုင်းငါးပိုင်းခွဲခြား၍ ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ သုတေသီများအနေဖြင့် သမိုင်းယဉ်ကျေးမှု အမွေများကို အနာဂတ်ယဉ်ကျေးမှုအတွက် လက်ဆင့်ကမ်းရယူနိုင်ခြင်း၊ လူ့ယဉ်ကျေးမှုဗဟုသုတများ တိုးပွားလာစေခြင်းတို့အပြင် ဆင်ခြင်မြော်တွေးတတ်သော အသိပညာရှင်များရရှိလာစေခြင်း စသည့် အကျိုးများ တိုးပွားလာနိုင်သော အဖိုးတန်စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်တန်ဖိုးမှာ ကျပ် ၆၀၀၀ ဖြစ်ပြီး ပါရမီစာပေ အမှတ် ၁၃၀၊ ၂၉လမ်း၊ ရန်ကုန်မြို့က တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ကြောင်းသိရသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏(၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊အသင်းသားများ၊ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများတက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသားသမီးများ၏ အမည်စာရင်းကို ဇန်နဝါရီ၁၀ရက်နောက်ဆုံးထား၍ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း–၂၈၃၈၆၂၊ဒု–ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း–၂၄၁၉၂၇၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း–၂၁၁၀၁၀ တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

တာမွေမြို့နယ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် ဂုဏ်ပြုဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုဆုများချီးမြှင့်စဉ်။ (က–ပ)

သီရိလင်္ကာ ရွှေကျင်သာသနာ ရာပြည့်ပွဲ

အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

ထေရဝါဒဟူသည် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသည့်အတိုင်း (ပြင်ဆင်မှုမရှိ) လက်ခံကျင့်သုံးသောဝါဒ ဖြစ်သည်။ ကျမ်းဂန်များ၌ တမ္ဗပဏ္ဏိဒီပခေါ် သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံသို့ တတိယ သင်္ဂါယနာတင်အပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်သောအချိန်ကပင် သာသနာရောက်ရှိခဲ့သည်။ ကသ္မီရ၊ဂန္ဓာရတိုင်း စသော တိုင်းကြီးရှစ်တိုင်းသို့ သာသနာတော် နှစ် ၂၃၅ ခုနှစ် တန်ဆောင်မုန်းလတွင် သာသနာပြုထေရ်များ ကြွရောက်ခဲ့ကြသည်။

သီဟိုဠ် သီရိလင်္ကာနိုင်ငံသို့ သာသနာပြုရန် တာဝန်ကျသော အရှင်မဟာမဟိန္ဒထေရ်သည် သာသနာတော် နှစ် ၂၃၆ ခုနှစ် နယုန်လပြည့်နေ့တွင် သီရိလင်္ကာသို့ ရောက်ရှိခဲ့သည်။အရှင်မဟိန္ဒထေရ်သည် အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်ဘဒ္ဒသာလ၊ အရှင်သမ္ဗလ၊ သာမဏေရှင်သုမန၊ ဘဏ္ဍုက ဥပါသကာနှင့်အတူ သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံ အနုရာဓမြို့တော်၏ အရှေ့မိဿကတောင်ထိပ်သို့ ကြွရောက်တော်မူကြသည်။ ထိုတောင်ထိပ်မှာပင် ဒေဝါနံ ပီယတိဿမင်းနှင့် တွေ့ဆုံ၍ စကားနီးနှောပြောဆိုရာ မင်းကြီး ပညာရှိကြောင်း သိတော်မူ၍ စူဠဟတ္ထိပဒေါပမသုတ်ကို ဟောတော်မူသည်။ ဒေဝါနံ ပီယတိဿမင်းနှင့် တကွ လေးသောင်းသောနောက်ပါများ သရဏဂုံသီလ၌ တည်ကြလေသည်။ သီရိလင်္ကာ၌ သာသနာအုတ်မြစ်ကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။

သီရိလင်္ကာသို့ သာသနာရောက်ခဲ့သည်မှာ နှစ်ပေါင်း ၂၃၁၃ နှစ်ရှိခဲ့ပေပြီ။ သီရိလင်္ကာသို့ သာသနာရောက်ရှိ၍ သာသနာတော် ထွန်းလင်းပြန့်ပွား စည်ကားပုံကို ပါရာဇိကဏ် အဋ္ဌကထာ ဒီပဝံသနှင့် ဋီကာကျမ်းများတွင် ဖွင့်ဆိုရေးသားထားသည်။ တမ္ဗပဏ္ဏိဒီပခေါ် သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံ၏ သမိုင်းကိုလည်း ပါရာဇိကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်းတွင် ဖွင့်ဆိုထားသည်။ သီရိလင်္ကာနိုင်ငံ၌ စတုတ္ထသင်္ဂါယနာတင်ပြီးနောက်–

၁။ အဘယဂီရိဝါသီဂိုဏ်း

၂။ ဇေတဝနဝါသီဂိုဏ်း

၃။ မဟာဝိဟာရဂိုဏ်း

၄။ မဟာဝိဟာရဝါသီဂိုဏ်းဟု ဂိုဏ်းကြီးလေးဂိုဏ်း ကွဲပြားပုံကို သာသနာဝင်ကျမ်းများတွင် ရေးသားထားသည်။ မျက်မှောက်ခေတ် သီရိလင်္ကာနိုင်ငံ၌–

၁။ သျှာမနိကာယဂိုဏ်း

၂။ အမရပူရနိကာယဂိုဏ်း

၃။ ရာမညနိကာယဂိုဏ်း

၄။ ရွှေကျင်ဂိုဏ်း ဟု ဂိုဏ်းကြီးလေးဂိုဏ်းရှိသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသည် သာသနာရေးကို အကြောင်းပြု၍ နှစ်နိုင်ငံချစ်ကြည်ရေးကို တည်ဆောက်ခဲ့သည်။ အမရပူရပထမမြို့တည် ဘိုးတော်(ဗဒုံမင်း) လက်ထက် သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီရိလင်္ကာမှ အရှင်ဉာဏဝိမလတိဿထေရ် ခေါင်းဆောင်သော သာမဏေ ငါးပါးနှင့် ဥပါသကာ တစ်ယောက် ရောက်လာကြသည်။ ရွှေအဆင်းဓာတ်တော် နှစ်ဆူ၊ ပုလဲအဆင်းဓာတ်တော် သုံးဆူ၊ မြတ်လေးငုံအဆင်း ဓာတ်တော် ငါးဆူ ပင့်ဆောင်၍ ကြွလာကြသည်။ ထိုနှစ်နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ဆင်ကြို့ရွှေကူသိမ်တော်၌ သာသနာပိုင် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများက ကမ္မဝါဆရာပြုလုပ်ပြီး ပဉ္စင်းခံပေးတော်မူသည်။ ထိုရဟန်းတော်များ သီရိလင်္ကာနိုင်ငံသို့ ပြန်ကြွ၍ သာသနာပြုတော်မူကြရာ “အမရပူရဂိုဏ်း”ပေါ်ပေါက်လာသည်။

သက္ကရာဇ် ၁၂၂၃ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သီရိလင်္ကာမှ အရှင်သီရိသရဏင်္ကရအမည်ရှိ ရဟန်းတော်တစ်ပါး ကြွလာသည်။ ထိုအရှင်သည် ကလျာဏီသိမ်၌ ရဟန်းအဖြစ် ထပ်မံခံယူသည်။ ဘွဲ့ကိုလည်း “အရှင်ဣန္ဒဝရသာမိ”ဟု ဘွဲ့သစ် ပြင်ဆင်ခံယူသည်။ ထိုအရှင် သီရိလင်္ကာသို့ ပြန်ရောက်သောအခါ “ရာမညနိကာယ”ဟု ဂိုဏ်းသစ် တည်ထောင်တော်မူသည်။

သီရိလင်္ကာ ရွှေကျင်ဂိုဏ်းကို ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပက ပထမ ရွှေကျင်ဆရာတော်ကြီးက အစပျိုးခဲ့သည်။ ပထမ ရွှေကျင်ဆရာတော်ကြီးအရှင်ဇာဂရထေရ်သည် စွယ်တော်မြတ်ကို ဖူးမြင်ရန်အတွက် မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ် တပို့တွဲလတွင် စတင်ခရီးထွက်ခဲ့သည်။ ခရစ်နှစ် ၁၈၇၈ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံ ဂေါလ်သဘော်ဆိပ်သို့ ဆိုက်ရောက်တော်မူသည်ဟု သီရိလင်္ကာနိုင်ငံ အာနန္ဒဝိဟာရအရှင် ဘူတိပိယေသမိတထေရ်၏ သောဠသမအကြိမ် ရွှေကျင်နိကာယ သံဃာအစည်းအဝေးကြီး၌ လျှောက်ထားချက်တွင် ရေးသားထားသည်။

ဆရာတော်ကြီးသည် သီရိလင်္ကာတွင် တစ်ဝါဆို၍ သာသနာပြုတော်မူသည်။ သီရိလင်္ကာသံဃာများက လျှောက်ထားတောင်းပန်၍ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ လင်္ကာသာသန ဝိသုဒ္ဓိကထာကျမ်းကို မြန်မာသက္ကရာဇ် ၁၂၄၁ခုနှစ် တန်ခူးလတွင် ရိုက်နှိပ်၍ သီရိလင်္ကာသို့ ပေးပို့လှူဒါန်းခဲ့သည်။ မြန်မာ–သီရိလင်္ကာ နှစ်နိုင်ငံချစ်ကြည်ရေး၏ ထင်ရှားသော သမိုင်းမှတ်တိုင်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့ မဟာဓမ္မဒီပိကာရာမ ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဖြစ်တော်မူသော သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၏ တပည့် အရှင်ဝိနယာလင်္ကာရသည် သီရိလင်္ကာနိုင်ငံသို့ စွယ်တော်နှင့် ဘုရားဖူးရန် သဒ္ဓါဆန္ဒထက်သန်၍ ခြေကျင် ကြွရောက်ဖူးမြော်သည်။ အရှင်ဝိနယာလင်္ကာရ ထေရ်အား မစ္စတာဒီဂုဏ ဝမုနအပူဟာမိနှင့် ဝလိဂမ်ပေတ္တိယမှ ဒကာများက ဝါဆိုနိုင်ရန်အတွက် ရွာငါးရွာအလယ်တွင် ကျောင်းလေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်။

သီရိဝိနယာလင်္ကာရ ရွှေကျင်နိကာယ မြန်မာဘုန်းကြီးကျောင်းဟု ထင်ရှားလာသည်။ ဝါဆိုချိန်နီးသောအခါ မြန်မာနိုင်ငံမှ ဦးဇိနထေရ် ကြွလာသည်။ ၁၉၀၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရွှေကျင်နိကာယ၏ ပထမအကြိမ် လူငယ် ၂၇ယောက်ကို ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ ရောက်စေသည်။ ထိုနေ့ကိုပင် သီရိလင်္ကာ၌ ရွှေကျင်နိကာယ ပေါ်ထွန်းလာသောနေ့အဖြစ် အသိအမှတ်ပြုထားကြသည်။

သီရိလင်္ကာ ရွှေကျင်ဂိုဏ်းသည် မြန်မာနိုင်ငံ ရွှေကျင်နိကာယ ဗဟိုဌာနသို့ နှစ်စဉ် ဝါဆိုစာရင်းပေးပို့ခဲ့ကြသည်။ ရွှေကျင်နိကာယ ဗဟိုဌာနမှ သာသနာပိုင်ဆရာတော်ကြီးများက သီရိလင်္ကာရှိ မထေရ်ကြီးများအား မဟာနာယကအဖြစ် ခန့်အပ်လွှာပေးအပ်တော်မူကြသည်။

သောဠသမအကြိမ် ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရွှေကျင်နိကာယ သံဃာအစည်းအဝေးကြီးသို့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှ ကိုယ်စားလှယ်ဆရာတော် သုံးပါးနှင့် ကပ္ပိယတစ်ယောက် တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ရွှေကျင်သာသနာပိုင် ညောင်ရွှေဆရာတော်ကြီးက သီရိလင်္ကာနိုင်ငံ အင်္ဂုရဝတ္တေ ပိယာနန္ဒ မဟာထေရ်အား အနုနာယကခန့်အပ်လွှာကို ပေးအပ်တော်မူသည်။

၁၉၀၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် တည်ထောင်ခဲ့သော သီရိလင်္ကာ ရွှေကျင်ဂိုဏ်းသည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်သည်။ နှစ် ၁၀၀ ပြည့်ပွဲကို ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ရာပြည့်ပွဲသို့ မြန်မာနိုင်ငံမှ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုဆရာတော်ကြီးနှင့် စစ်ကိုင်း သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရတို့ကို ပင့်ဖိတ်ထားရာ သီတဂူဆရာတော် အရှင်ဉာဏိဿရ ကြွရောက်တော်မူမည်ဟု သိရှိရသည်။ သို့ဖြစ်ရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ၌ ကျင်းပမည့် ရွှေကျင်ဂိုဏ်း ရာပြည့်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

မင်္ဂလာပါဇာတ်ကားသစ် ရုံတင်ပြသ

ရန်ကုန် ဇန်နဝါရီ ၅

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ကားသစ် ‘မင်္ဂလာပါ’ ဇာတ်ကား ရုံဝင်လာပြီး ပြသဆဲဇာတ်ကားများ ဆက်လက်ပြသနေသည်။

မင်္ဂလာပါ

အောင်ကျော်ဇေရုပ်ရှင်ထုတ်လုပ်ရေးမှ ထူးဆွေအောင်၏ဝတ္ထုကို ဆုသြချယ်ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မီးပွားရိုက်ကူးသောမင်္ဂလာပါဇာတ်ကားသစ်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ရုံဝင်လာသည်။

ငယ်စဉ်ဘဝမှစ၍ မြို့ပြတွင်ကြီးပြင်းခဲ့ကြသောဘွဲ့ရလူငယ်နှစ်ဦးက မြို့ပြနှင့်အလှမ်းဝေးကွာပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် အညာကျေးလက်ဒေသ ရွာတစ်ရွာရှိ ကလေးငယ်များ၏ ပညာရေးအတွက် ကျောင်းဆရာအဖြစ် ခံယူဆောင်ရွက်ခဲ့ကြပုံအကြောင်း ဇာတ်အိမ်ဖွဲ့ကာ ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ကျေးလက်ပြည်သူများ၏ ရိုးသားမှု၊ ရိုင်းပင်းမှု စရိုက်လက္ခဏာများကို ဒါရိုက်တာက ပီပြင်စွာသရုပ်ဖော်နိုင်သကဲ့သို့ သရုပ်ဆောင်များကလည်း မိမိကျရာ ဇာတ်ကောင်စရိုက်ကို ပီပြင်စွာသရုပ်ဆောင်ထားကြသည့်အတွက် ပရိသတ်အကြိုက်တွေ့မည့်ရုပ်ရှင် ကားကောင်းတစ်ကားဖြစ်သည်။

ကမ္ဘာ့ဆုံးအထိ

အေကေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် ကမ္ဘာ့ဆုံးအထိဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။၎င်းဇာတ်ကားတွင် ထွန်းထွန်း (Examplez) နှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ John Singleton ရိုက်ကူးသည့် Four Brothers ဇာတ်ကား ရုံတင် ပြသနေသည်။ (ကြေးမုံ)

ယခု သောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ရုံတင်ပြသသည့် မင်္ဂလာပါ ရုပ်ရှင်ဇာတ် ကား သစ် မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမာကျေးရွာ စက်ကုန်းကွင်း ရပ်ရှိ အုန်းဆံကြိုးစက်ရုံ(အမာ)နှင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်း အထက်ပုဇွန်တောင် လမ်းအမှတ်(၂၄၂)ရှိ ဘဲမွေးပစ္စည်းစက်ရုံတို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်ရာ ဝယ်ယူလိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇန်နဝါရီ ၉ ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်း စီစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန) အမှတ် (၃၁၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဖေဖော်ဝါရီ ၉ရက် တစ်ရက်တည်းသာ နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစီစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန) အမှတ် (၃၁၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့ ဖုန်း–၂၄၅၅၀၆၊၂၄၅၅၁၆၊ ၂၄၅၅၃၇ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က တာမွေမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)တွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း တတိယတန်းတွင် ပထမဆုရရှိသော မောင်ကျော်ကိုကိုဟန်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နှစ်သစ်ကူးဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးမိသားစု၏ ၂၀၀၆ခုနှစ်နှစ်သစ်ကူးမင်္ဂလာဂေါက်သီးရိုက်ပြိုင်ပွဲ ကို ဥက္ကလာဂေါက်ကွင်း၌ ဇန်နဝါရီ၁၅ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီ၌ ကျင်းပမည်ဖြစ်ပြီး Hole in One ရရှိသူများအား Sakura K.T.V နှင့် Modern K.T.V တို့မှ အထူးဂုဏ်ပြုချီးမြှင့်မည် ဖြစ်သည်။ Sponsor ပေးလိုသူများ၊ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဥက္ကလာဂေါက်ကွင်း ဖုန်း–၀၁–၅၇၀၉၄၀၊ ဦးပြုံးချို ၀၉၉၉–၂၂၆၄၉၊ ဦးသန်းဦး၀၉–၅၁၁၇၁၁၇နှင့်ဦးရဲထွဋ်၀၉–၉၉–၂၇၃၇၆တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းအတွင်း ကြက်ဆူပင် ငါးသိန်း စိုက်ပျိုးမည်
တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပျိုးဥယျာဉ်များစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပရာ ပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးဥယျာဉ်ဝင်းအတွင်း Jatropha Curcas ကြက်ဆူပင် ပျိုးထောင်စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာတိုင်းမှူးဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ပျိုးထုပ်များအတွင်း Jatropha Curcas ကြက်ဆူပင်မျိုးစေ့များ ထည့်သွင်း၍ ပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်ဝင်းအတွင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက Jatropha Curcas ကြက်ဆူပင်ကို အစေ့ချစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် တစ်ဧကလျှင် အပင် ၁၂၀၀နှုန်းဖြင့် ဧက ၂၀၀အတွက် မျိုးစေ့ပေါင်း ၂၄၀၀၀၀ကို ပျိုးထုပ်များဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ကိုင်းဖြတ်မျိုးပွားစိုက်ပျိုး နည်းစနစ်ဖြင့် စိုက်ပျိုးရန် တစ်ဧကလျှင် အပင် ၁၂၀၀ နှုန်းဖြင့် သုံးဧက အတွက် ကြက်ဆူပင်ကိုင်း စုစုပေါင်း ၃၆၀၀ကို ပျိုးထုပ်များဖြင့် ကိုင်းဖြတ်မျိုးပွားထားရှိမှုကို လည်းကောင်း၊ Jatropha Curcas ကြက်ဆူပင် စုစုပေါင်းဧက ၁၀၀၀၀ စိုက်ပျိုးရန်အတွက် ကြက်ဆူပင် မျိုးစေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်းပျိုးထောင်နေမှုကိုလည်းကောင်း၊ ကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များဖြစ်သည့် အစေ့ချစိုက်ပျိုးနည်းနှင့် ကိုင်းဖြတ်မျိုးပွားစိုက်ပျိုးနည်းစနစ်များ အတိုင်းစနစ်တကျထိန်းသိမ်း၊သိုလှောင်၊ ပျိုးထောင်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေတို့က လိုက်လံရှင်းလင်းပြသကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းစိန်မြို့နယ် ပျိုးဥယျာဉ်ရှိ ပျိုးထုပ်များအတွင်း ကြက်ဆူပင်မျိုးစေ့များ ထည့်သွင်း ပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးက ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးသူများအတွက် အကျိုးအမြတ် ရရှိစေပြီး နိုင်ငံတော်၏ စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် Jatropha Curcas ကြက်ဆူပင်စိုက်ပျိုးရန်အတွက် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် Jatropha Curcas ကြက်ဆူပင် ဧက ၁၀၀၀၀ စိုက်ပျိုးရန် သတ်မှတ်လျာထားပြီးဖြစ်ရာ ယနေ့အထိ မျိုးစေ့ပေါင်း ၂၄၀၀၀၀၊ မျိုးကိုင်းပေါင်း ၃၆၀၀ ပျိုးထောင်ထားပြီး ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၆ခုနှစ်မှ စတင်၍ သုံးနှစ်အတွက် Jatropha Curcas ကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးပြီးဖြစ်ရန်အတွက် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

✱ (၅၈)နှစ်မြောက်မှ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ခမ်တိုင်းဆီဖန်ဒုံ ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် လည်းကောင်း၊ လာအိုပြည်သူများ၏ ကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးမှာ ခိုင်မြဲတိုးတက်လျက်ရှိကြောင်း၊ ဒေသတွင်း၌ သာမက တစ်ကမ္ဘာလုံး အတိုင်းအတာအရ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ရှိစေရေး အတွက် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုမှာ အရေးပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့ထံ လာအိုဒုတိယသမ္မတ မစ္စတာ ချောင်မာလေဆိုင်ရာဆုန်နှင့် ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် တို့က အသီးသီး ပေးပို့ကြသည်။

စင်ကာပူ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူ သမ္မတ မစ္စတာ အက်စ်အာနာသန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူနိုင်ငံသူ၊ နိုင်ငံသားများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်ပေါင်းရှည်ကြာစွာ ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို ထူထောင်ခဲ့ကြပြီး ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်ခြင်းဖြင့် ဒေသတွင်းရှိ နိုင်ငံများအားလုံး အတွက် အပြန်အလှန် အကျိုးကျေးဇူး ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ပေးပို့သည်။

ထိုင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းဘုရင် ဘူမိဘောလ်အဒူရာဒက်ချ် ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စေရန်လည်းကောင်း၊ မြန်မာနိုင်ငံသူ၊နိုင်ငံသားများအားလုံး တိုးတက်ကြွယ်ဝစေရန်လည်းကောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံ ထိုင်းဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က အလားတူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (ကြေးမုံ)

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်
ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ဝန်ကြီးက တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယခုလ နောက်ဆုံးအပတ်အတွင်း ကျင်းပမည် ဖြစ်ရာ အဆင်ပြေချောမွေ့စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး၊ ပြည်သူများပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် အခြားဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များ အနေဖြင့်လည်း အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက်သက်ဆိုင်ရာဗဟိုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

ဓမ္မဒူတတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ဇင်မလမ်းမကြီး (အလယ်ပိုင်း) တရားသဘင်၌ ဇန်နဝါရီ ၈ရက်(တနင်္ဂနွေနေ့)တွင် ဓမ္မဒူတအရှင်ကုသလ၊ ဇန်နဝါရီ ၉ ရက် (တနင်္လာနေ့)တွင် ဓမ္မဒူတအရှင်ပညာဝရနှင့် ဇန်နဝါရီ ၁၀ ရက်(အင်္ဂါနေ့)တွင် ဓမ္မဒူတအရှင်ဃောသိတနှင့် ဇန်နဝါရီ ၁၁ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဓမ္မဒူတအရှင်ဆေကိန္ဒတို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့မြေအောက် သယံဇာတများ ရှေးနှင့်ခဲမဖြူ သတ္တုတူးဖော်ရေးလုပ်ငန်း
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	မော်ကွန်းစာကိုးပြည့်တန်ဖိုး
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ဆောင်းနံနက်ခင်းတစ်ခု၏ လျှို့ဝှက်သောနှင်း
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ရော်ဘာကြိတ်လုံးထုတ်လုပ်ပုံ အဆင့်အဆင့်
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	သံလွင်တံတား(တာပါး)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ကာယဗလလေ့ကျင့်နည်းစနစ်
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	သီးနှံဖျက်ပိုးများကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ(အပိုင်း-၂)
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ရေနွေးငွေ့သုံး ဆန်အရောင် တင်စက်
၁၀:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀	Myanmar Video Rhythm
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်းဟောပြောချက်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။ **ကာတွန်းအစီအစဉ် ပင်ကင်းနှင့်လိုက်ကင်း ဇာတ်သိမ်းပိုင်း (အပိုင်း-၂၆)**
၆:၅၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ခန်းရပ်ချစ်ပုံပြင်" (အပိုင်း-၂၂)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း-၇)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နိုင်ငံ့သားကောင်းများဖြစ်လာရေး လေ့ကျင့်ပျ
လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပုံဖော်

● ရှေ့ဖုံးမှ

အထွေထွေ အတွင်းရေးမှူး၊တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန် မျိုးဆက်သစ်လူငယ်များဖြင့် အသင်းကြီးကို ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီးစတင်ဖွဲ့စည်းစဉ်ကစပြီး စီမံရေး၊ စည်းရုံးရေး၊ ဖွဲ့စည်းရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရင်း မျိုးဆက်သစ်လူငယ်များကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း။

ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးရေး၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာ ကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ မောင်တို့ မယ်တို့သည် နိုင်ငံတော်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ကဏ္ဍအသီးသီးက ပါဝင်ဆောင်ရွက်နေရသည်ဖြစ်၍ မြန်မာ့ရေးရာကဏ္ဍနှင့် နိုင်ငံတကာရေးရာကဏ္ဍများ၏ ကျယ်ဝန်းနက်ရှိုင်းမှုများကိုလည်း နှံ့စပ်သိမြင်အောင် ဘက်ပေါင်းစုံလေ့လာဆည်းပူးပြီး အမျိုးသားရေးစွမ်းရည်ကို မြှင့်တင်နေကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့သားကောင်းများဖြစ်လာရေး

နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာရေး လေ့ကျင့်ပျိုးထောင်နေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော် ကြီးအတွက် ပုံဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၌ ဒေသတွင်းနှင့် အဖွဲ့ အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

ကမ္ဘာ၏ ဖြစ်စဉ်များသည် အဘက်ဘက်က ဆက်စပ်ယှက်နွှယ် ဖြစ်ပေါ်ပြောင်းလဲနေခြင်းကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၏ အနေအထားကို အရင်းအမြစ်ကျကျလေ့လာပြီး အကြောင်းအကျိုး ပကတိအခြေအနေကို သိရှိနားလည်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို တန်ဖိုးထား ဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ အခြားတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးမှုများကို ခံယူကျင့်သုံးနေကြောင်း၊ နိုင်ငံတကာနှင့် လွတ်လပ်တက်ကြွပြီး အပြုသဘောဆက်ဆံရေးနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

နိုင်ငံတော်ဖြစ်ပေါ် တိုးတက်မှုများ၊ နိုင်ငံတကာအခြေအနေကို ကာလသုံးပါး ဆက်စပ်ပြီး ဘဝအတွေ့အကြုံဖြင့် ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်နှင့် ကမ္ဘာ့ရေးရာ ကိစ္စရပ်များကို အတိုင်းအတာတစ်ခုထိ သိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်ကြောင်း၊ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းများနှင့် လက်တွေ့တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြပါ၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်းမြင့်မားနေအောင် စဉ်ဆက်မပြတ် ဆည်းပူးလေ့လာကြပါဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ နီးနီးကပ်ကပ်နေထိုင်ကြပြီး ခိုင်မြဲသည့် အစဉ်အလာကောင်းများရှိကြောင်း၊ အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်ခဲ့သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံ ရှင်သန်နေကြောင်း။

ကိုလိုနီဘဝကျရောက်ခဲ့ခြင်းနှင့် သွေးခွဲအုပ်ချုပ်ခံရခြင်းကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ နိမ့်ပါးခဲ့ရသည့် အတိတ်သင်ခန်းစာကို ရယူပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး၏ အခြေခံသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း။

တန်ဖိုးထားကာကွယ်စောင့်ရှောက်

ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏ တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုးများကို နားလည်သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို တန်ဖိုးထား စောင့်ရှောက်ကာကွယ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေးအသိအမြင်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်မည့် စွမ်းအားဖြစ်ကြောင်း။

ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အမြဲရှင်သန်ထွန်းကားနေအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပြည်တွင်းအမျိုးသား စွမ်းအားစုများ၏ စွမ်းပကား ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်း၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

တက်ကြွစွာပါဝင်

နိုင်ငံတော်လူဦးရေ ၇၀ နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေးလက်စီးပွားရေးတိုးတက်ရေး၊ ပညာရည်တိုးတက်စေရေး၊ ကျန်းမာရေးအဆင့် မြင့်မားရေးနှင့် ကျေးလက်မီးလင်းရေး တို့ကို အသင်းကြီးက တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင် စိုက်ပျိုးရေးကိုအခြေခံ
ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်
လယ်ယာစိုက်ပျိုးရေး တိုးတက်အောင် ဝိုင်းဝန်း
စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက်
လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့်
အခက်အခဲမရှိရေး၊ ဒီဇယ်အစားထိုး ဇီဝလော
နေကြောင်း။

ဒေသမရွေးရှင်သ

နိုင်ငံတော်တွင် ရေမြေတောတောင်သ
ကြောင့် ကြက်ဆူပင်သည် နေရာမရွေး၊ ဒေသမ
ထုတ်ယူနိုင်ကြောင်း၊ ကြက်ဆူပင်များကို တို
ဇီဝလောင်စာအဖြစ် အသုံးပြုကြရမည်ဖြစ်
ကြိတ်ဖတ်များကို ဓာတ်မြေဩဇာအဖြစ် လယ်
နိုင်ကြောင်း၊ ကျေးလက်စိုက်ပျိုးရေးနှင့် ကေ
နိုင်ငံတော်စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ
ကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေး
ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခံယူကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတို
သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာ
သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆော
လမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီ
အခြေခံဥပဒေ ရေးဆွဲနိုင်ရေး တက်တက်ကြွ
အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံ
သည် အဓိကအရေးကြီးခြင်းကြောင့် နိုင်ငံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုးများကို နားလည်သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို တန်ဖိုးထားစောင့်ရှောက်ကာကွယ်။**

☆ **နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး အသိအမြင်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်မည့် စွမ်းအားဖြစ်။**

ကျေးရွာတိုင်း ကိုယ့်အား
ဝိုင်းဝ
၂၀၀၆–နှစ်၊ ဇန်နဝါရီလ
ကိုယ့်အားကိုယ်ကိုးစာကြည့်
ကျေးလက်နေပြည်သူအများ ပည
စာကြည့်တိုက်များအတွက် စာအုပ်
ခရိုင်/မြို့နယ်

လာရေး လေ့ကျင့်ပျိုးထောင်နေခြင်းသည် ကြီးအတွက် ပုံဖော်ဆောင်ရွက်နေခြင်းဖြစ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်တွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကျေးလက်အခြေခံ လယ်ယာစိုက်ပျိုးရေး တိုးတက်အောင် ဝိုင်းဝန်းကူညီသွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် စက်မှုလယ်ယာ၌ အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေး၊ လောင်စာ အခက်အခဲမရှိရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာအသုံးပြုနိုင်ရေး ဆောင်ရွက်နေကြောင်း။

ဒေသမရွေးရှင်သန်

နိုင်ငံတော်တွင် ရေမြေတောတောင်သဘာဝ အခြေအနေကောင်းများကြောင့် ကြက်ဆူပင်သည် နေရာမရွေး၊ ဒေသမရွေးရှင်သန်နိုင်ပြီး ဇီဝလောင်စာ ထုတ်ယူနိုင်ကြောင်း၊ ကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးပြီး ကြက်ဆူဆီကို ဇီဝလောင်စာအဖြစ် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ ပိုလျှံသော ကြက်ဆူကြိတ်ဖတ်များကို ဓာတ်မြေဩဇာအဖြစ် လယ်ယာစိုက်ပျိုးရေးတွင် ပြန်အသုံးပြုနိုင်ကြောင်း၊ ကျေးလက်စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခံယူကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကိုကျင်းပနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေး တက်တက်ကြွကြွ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးသည် အဓိကအရေးကြီးခြင်းကြောင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဟု ခံယူကြိုးပမ်းနေရမည် ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်သူကို ကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားစုံပါဝင်ပြီး အစုအဖွဲ့အစည်း အဝေးများ၊ စုံညီအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြပြီး ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြ ညှိနှိုင်းတိုင်ပင်နေသည့် စစ်မှန်သော လူထုညီလာခံကြီးဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ် နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ခြင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်မှ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်မှ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အရင်းခံသည့် အေးချမ်းတည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ခိုင်မာတောင့်တင်းခြင်းများ ရရှိမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို အမျိုးသားရေးအသိဖြင့် ကြိုဆိုထောက်ခံအားပေး ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံး အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသည့် အထိမ်းအမှတ်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အလှူငွေပေးအပ် ပွဲများ၊ လုပ်အားပေးပွဲများ၊ သွေးလှူဒါန်းပွဲများ ကျင်းပနေကြကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုကြီးက အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ ပူးပေါင်းပါဝင်ကြောင်း ထုတ်ဖော်ပြသနေခြင်းလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ—

- **ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့်အလမ်းကောင်းများကိုရယူပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေး စိတ်ဓာတ်များ၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်နှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟုတိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၀၇ ဦး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ တတိယနေ့ ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၅

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲတွင် ပြသထားသော ဝန်ကြီးဌာနပြခန်းများမှ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၌ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး” ဟူသည့် ဦးတည်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစီမံကိန်းကြီးများ၊ အမျိုးသားကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက် နှစ်(၃၀)စီမံကိန်း ရည်မှန်းချက်များ၊ တိုင်းရင်းဆေးပညာကဏ္ဍတိုးတက်မှုများ၊ ခွဲစိတ်ကုသမှုနှင့် ကုသရေးဆိုင်ရာ အောင်မြင်တိုးတက်မှုများ၊ တိုးတက်ဖွံ့လှစ်ခဲ့သည့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့် သုတေသနလုပ်ငန်းများကို ဖော်ပြထားသည့် ပြကွက်များကို ပြသထားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြခန်း၌ အများပြည်သူ ဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက Domain Name ငှားရမ်းခြင်း၊ အီးမေး(လ်) + အင်တာနက်ကောက်ခံမှု နှုန်းထားများ၊ Faxငှားရမ်းတပ်ဆင်ခများ၊ တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းများ၊ ကျေးလက်ဒေသ ဆက်သွယ်ရေးဖွံ့ဖြိုးမှုစီမံကိန်း၊ ပြည်တွင်းအမြန်ချောပို့ လုပ်ငန်း ဆောင်ရွက်သည့် ၁၃၄ မြို့ တည်နေရာပြမြေပုံ၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးစနစ် တည်ဆောက်ထားရှိမှုအခြေအနေ၊ ကွန်ပျူတာကွန်ရက် အသုံးပြုခြင်း၊ လိုင်စင်နှုန်းထားများနှင့် သတင်းအချက်အလက် နည်းပညာဌာန၏ ဝန်ဆောင်မှုများကို ပြသထားသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်း၌ ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနက ပြသထားသည့် ဇီဝဓာတ်ငွေ့နှင့် ယင်းဓာတ်ငွေ့တွင် ပါဝင်သည့် ဓာတ်ငွေ့များ၊ လျှပ်စစ်ဓာတ် ထုတ်ယူသုံးစွဲနိုင်မှု၊ ဇီဝဓာတ်ငွေ့ဖြစ်ပေါ်ခြင်း နည်းစဉ်များ၊ ဇီဝဓာတ်ငွေ့ထုတ်လုပ် နိုင်သည့် ကုန်ကြမ်းများ၊ ဇီဝဓာတ်ငွေ့၏ ဂုဏ်သတ္တိများနှင့် ဇီဝသဘာဝမြေဩဇာ၊ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုအခြေအနေနှင့် ဝန်ကြီးဌာနဖွဲ့စည်းအပြီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ပြသထားသည်။

ပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသ ထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၆ (သောကြာနေ့)

၁၃၆၇ခုနှစ်၊ ပြာသိုလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓအေဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်
၈း၂၀ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀။ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၁၅ ၆။ အကပြိုင်ပွဲ
၅း၂၅ ၇။ **“လေ့ကားသုံးထစ်ဆင်းတဲ့အခါ” (အရိုင်း၊မင်းသူ၊အေးသီတာ) [ဒါရိုက်တာ–သိန်းတန် (ဖီးနစ်)]**
၅း၃၅ ၈။ တေးဂီတအစီအစဉ်
၅း၃၅ ၉။ **စစ်ကိုင်းတိုင်း၊မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာဓမ္မစကြာဝတ်အသင်း၏ဓမ္မစကြာဒေသနာတော် အမေးအဖြေ**
၅း၄၀ ၁၀။ The Great Boyages of Zheng He.
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၁၅ ၁၃။ နှောင်းခေတ်တေးပဒေသာ
၇း၃၀ ၁၄။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု “မြန်မာ့အားမာန် ဆည်တမံ”
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရုပ်မြင်သံကြားဇာတ်လမ်း “ရအောင်ယူမြဲအောင်ထိန်း” (ထွန်းထွန်းဝင်း၊ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊သူသူဟံသာ) (ဒါရိုက်တာ–သက်တင်)**
၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရွှေတောင်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၅

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ကျောင်းလမ်း ဗုဒ္ဓဂယာကျောင်းတိုက်ကြီးတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ခိုင်လုံသော အထောက်အထားများပူးတွဲ၍ ဦးအောင်မြင့် ဖုန်း– ၃၈၄၁၉၀၊ ဦးရဲလှမြတ် ဖုန်း– ၀၉၅၀၁၆၃၈၆၊ ဦးရဲမြင့် ဖုန်း– ၂၁၂၁၄၂နှင့် ၃၈၇၃၁၇ နှင့် အလုပ်အမှုဆောင် တစ်ဦးဦးထံသို့ ဆက်သွယ်ပေးပို့ လျှောက်ထားနိုင်သည်။ (က–ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆–နှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၄၈၀၆၄)တိုက်ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စာပေဒါနလှူဒါန်းပွဲ

ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံအဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေဒါန လှူဒါန်းပွဲကို ၇–၁–၂၀၀၆ ရက်နေ့နံနက် ၀၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

စာအုပ်နှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းလိုသော စေတနာရှင် အလှူရှင်ပုဂ္ဂိုလ်များသည် အောက်ပါလိပ်စာအတိုင်း ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၁၅၊ ၃၇၁၃၃၉၊ ၃၇၁၃၄၁၊ ၂၅၄၂၇၀

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂/၂၀၀၆

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်-

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၂၂။ ဦးသိန်းဆွေ၊ စက်မှုကျွမ်းကျင်(၄)၊ အလုံအချိုရည်နှင့်ရေခဲစက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၃။ ဦးကျော်ဆန်းထွန်း၊ သဘော်သားအကူ(စက်)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၂၄။ ဦးသန်းဝင်း၊ ဒု-ကုန်ကြပ်(အုပ်စုမှူး)၊ ကုန်လုပ်ငန်းဌာန၊မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၂၅။ ဦးသောင်းညွန့်၊ ဘက်စုံ(၄က်ကြပ်)(အငြိမ်းစား)၊ (၉၇)ရုံပွဲလမ်း၊ အနောက်မြောက် ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ပဲခူးတိုင်း(အနောက်ပိုင်း)

၂၆။ ရဲ-၃၃၄၅ ဗိုလ်မှူးမောင်တင့်၊ ပင်မတိုင်းတာရေးတပ်၊တပ်မတော်(ရေ)၊ ကာကွယ်ရေး ဝန်ကြီးဌာန

၂၇။ ဦးစိန်ဟန်၊ အပိုင်(၂)ရာအိမ်မှူး၊ (၅/၁)စည်ပင်သာယာလမ်း၊ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၈။ လ-၆၈၁၀၉ ရဲတပ်ကြပ်လှထွန်း၊ လှိုင်သာယာရဲတပ်ဖွဲ့စခန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၉။ ဦးလှစိုး ကျွမ်းကျင်အဆင့်(၆)၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃၀။ ဦးမြသန်း(ခ)ဦးအောင်အောင် ကာယလုပ်သား၊ ရ/၂၀၆၊ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၃၁။ ဦးခင်လှ အလုပ်ရုံစိတ်မှူး၊ ဆပ်ပြာစက်ရုံအမှတ်(၂)၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၂။ ဦးမောင်မောင် အလုပ်ရုံစိတ်မှူး၊ ရန်ကုန်အမှတ်(၂)ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ၊ မြန်မာ့စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၃၃။ ဦးမြကြိုင် လုပ်သားခေါင်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၃၄။ ဦးပါထွန်း ဆံသလုပ်ငန်း၊ သဒ္ဓာဆံသ၊ ထီးသုံးဆင့်ဘုရားတိုက်တန်း၊ အောင်မင်္ဂလာဇာတ်ရုံပေါက်၊ သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့

၃၅။ ဦးနီတွတ်(ခ)ဦးအောင်သိုက် ကုန်သည်၊ ခ/၄၁၆၊ ၁၀လမ်း၊ ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

၃၆။ ဒေါ်ယုယုဝေ အထက်တန်းပြ၊ အထက(၄)ဗိုလ်တထောင်၊ အမှတ်(၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၃၇။ ဦးအုန်းမြင့် ကျောင်းစောင့်၊ အလက(၂)မင်္ဂလာတောင်ညွန့်၊အမှတ်(၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၃၈။ ဦးခင်မောင်သွင် ပုံနှိပ်ကျွမ်းကျင်(၄)စက် (တိုရှီဘာစက်ခန်း)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

၃၉။ ဦးမြင့်သိန်း စစ်ဆေးရေးမှူး(၁)၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၄၀။ ဦးဇုတိန္ဓရ သံဃာတော်၊ ရွှေကြာမြိုင်ပရိယတ္တိစာသင်တိုက်၊ စည်ပင်ရှာနတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့

၄၁။ ဦးသောင်းဝင်း ပုံနှိပ်ကျွမ်းကျင်(၄)(စအခ)စာအုပ်ချုပ်ဌာန၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ပြန်ကြားရေးဝန်ကြီးဌာန

၄၂။ ဦးအောင်မြတ်ကျော် စီမံကိန်းမန်နေဂျာ ဂုန်လျှော်သုတေသနနှင့် မျိုးသန့်ပွားစီမံကိန်း၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၄၃။ ဦးလှစိုး လက်မှုကျွမ်းကျင်အဆင့်(၃)၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

၄၄။ လ-၁၆၀၄ ဒုတိယရဲမှူးကြီးခင်မောင်ထွန်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၄၅။ ဦးကျော်စိုး အချိန်မှူး(တ-ကုန်ကြပ်)ကုန်လုပ်ငန်းဌာန၊မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၄၆။ ဦးမြဟန်(ပ/၃၂၄၄)၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ကျိုက်လတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန

၄၇။ ဦးခင်မောင်ရင်(ခ)ဦးကျော်ဦး ဆေးသုတ်လုပ်ငန်း၊ အကွက်(၅၃၁) လှတောင်ဝင်း၊ ရတနာဘုမ္မိအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

၄၈။ ဦးလှမြိုင် ကုန်သည်၊မဟာမြိုင်(၂)၊၆၃လမ်း၊၃၉-၄၀လမ်းကြား(ဒ-၁၁/၃၀) မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

၄၉။ ဦးအေးကို စက်မှုကျွမ်းကျင်(၄)၊အမှတ်(၂)ပုံဖော်စက်ရုံ၊အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

၅၀။ ဦးရဲလင်း ကုန်သည် ကံအရှေ့ရပ်ကွက်၊တောင်ကြီးမြို့၊ရှမ်းပြည်နယ်

၅၁။ ကိုယ်ပိုင်အမှတ် ၄၃၅၅၇၇ တပ်ကြပ်ကြီးစာရေးစောဝင်း စစ်ဦးစီးဌာန၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်(နန်းတွင်း)၊ ကာကွယ်ရေးဝန်ကြီးဌာန

၅၂။ ဦးမျိုးအောင် ရုံးအကူ၊လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးဇော်ဇော်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်

၂။ ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်

၃။ ဦးသန်းစိန်၊ နည်းပြချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်

၄။ ဦးမြသိန်း၊ ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်

၅။ ဒေါက်တာဒေါ်ပင်ဒိုရာအောင်ကြီး၊ မြန်မာအမျိုးသမီး ဘောလုံးအဖွဲ့ ခေါင်းဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

၆။ ဦးအေးမောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန

၇။ ဦးထွန်းမောင်၊ နည်းပြ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်

၈။ ဦးစန်းမြင့်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်

၉။ ဦးသိန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန

၁၀။ ဦးထွန်းတင့်အောင်၊ ဂိုးနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

၁၁။ ဒေါက်တာခင်ပြုံးရီ၊ တွဲဖက်ပါမောက္ခ/ခွဲစိတ်ကုဆရာဝန်ကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး

၁၂။ ပါမောက္ခဒေါက်တာသစ်လွင်၊ ပါမောက္ခ(အရိုး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

၁၃။ ဒေါက်တာမြသောင်း၊ ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး

၁၄။ ပါမောက္ခဒေါက်တာခင်မောင်ဟန်၊ ပါမောက္ခ/ဌာနမှူး(အရိုး) မြောက်ဥက္ကလာပဆေးရုံကြီး

၁၅။ ပါမောက္ခဒေါက်တာအောင်မြင့်၊ ပါမောက္ခ(ခွဲစိတ်)၊မြောက်ဥက္ကလာပ ဆေးရုံကြီး

၁၆။ ဒေါက်တာရွှေဉာဏ်၊ တိုက်နယ်ဆရာဝန်၊ တိုက်နယ်ဆေးရုံ၊ နမ့်လန်၊ သီပေါမြို့နယ်(ရှမ်းမြောက်)

၁၇။ ဒေါက်တာဝေဝေသော၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

၁၈။ ဦးစောသိန်း၊ မင်း/၃၄၊ မင်းစုရပ်ကွက်၊ လှိုင်ကော်မြို့

၁၉။ ဦးတင်လှ၊ အမှတ်(၂၄၁)အောက်လမ်းမကြီး၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၀။ ဦးအာဇီး(ဦးအာဇေး)၊ ဥက္ကဋ္ဌ၊ လွယ်တော်ခမ်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တာချီလိတ်မြို့နယ်

၂၁။ ဦးလူမော်၊ ယာဉ်မောင်း၊ တောင်ကြီးမြို့စဝ်စံထွန်း ဆေးရုံကြီး၊ ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

၂၂။ ကိုယ်ပိုင်အမှတ်-၄၁၄၅၆၁ တပ်ကြပ်ကြီး စာရေးသန်းဦး၊ တပ်ကြပ်ကြီး စာရေး(ပထမတန်း)၊ အမှတ်(၁၀၃)ခြေမြန်တပ်ရင်း၊ (တောင်တွင်းကြီး)၊ ကာကွယ်ရေးဝန်ကြီးဌာန

၂၃။ ဦးထွန်းဝေ၊ လက်သမား(ပရိဘောဂ)၊ အမှတ်(၃၆၆-ဘီ)၊ ဦးဘရိန်လမ်းကြား၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၄။ အရှင်ဇနက၊ သာသနာလင်္ကာရကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

၂၅။ ဦးကျော်ရီ၊ ပညာရေးဌာနဝန်ထမ်း (အငြိမ်းစား) ရှမ်းကုန်း ကြေးနန်းတန်း ရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်း

၂၆။ ဦးဝင်းမြင့်၊ လက်သမားကျွမ်းကျင်(၃)၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၂၇။ ဦးရဲမြင့်၊ ကုန်သည်၊ အမှတ်(၂၆၃)၊ ၃၅လမ်း၊ ၈၀ X ၈၁ လမ်းကြား၊ ရတနာဘုမ္မိအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

၂၈။ ဦးဆန်းလွင်၊ အကြီးတန်းစာရေး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၂၉။ ကိုယ်ပိုင်အမှတ်-၅၀၃၇၅၅ ဒုအရာခံဗိုလ်ဟန်ထွန်းအောင် အမှတ်(၂)၊ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန

၃၀။ ကိုယ်ပိုင်အမှတ်-၇၅၁၄၃၁ တပ်သားဆန်းဦး၊ တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

၃၁။ ဦးလှဖေ၊ စောင့်ရှောက်ရေးမှူး၊ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး (ကြည့်မြင်တိုင်မြို့နယ်)၊ အလုပ်သမားဝန်ကြီးဌာန

၃၂။ ဒေါ်အင်နီ၊ အကြီးတန်းလက်နှိပ်စက်၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၃။ ဦးအောင်စန်းငွေ၊ ဓာတ်ခွဲစစ်ဆေးသူ(ဒုတိယတန်း)၊ သနပ်ပင်မြို့ ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

၃၄။ ဦးအောင်ဟိုအန်း၊ လက္ခဏာဆရာ၊ အမှတ်(၁၉/၂၀)၊ (၂-က)၊ မရမ်းမြိုင်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၃၅။ ဦးသံဝရ၊ ပဓာနနာယက ဆရာတော်၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာကျောင်းတိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၃၆။ ဦးမြင့်တင်၊ လုပ်သားမှူး၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး (ကြည့်မြင်တိုင်မြို့နယ်)၊ အလုပ်သမားဝန်ကြီးဌာန

၃၇။ ဒေါ်စန်းစန်းဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီး ဌာန

၃၈။ လ-၆၉၅၄၈၊ရဲတပ်ကြပ်ကြီးတင်ဝင်း၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၉။ ဦးလှကြည်၊ ပ-လုပ်ငန်းကြပ်၊ စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၄၀။ ဦးမောင်သင်း၊ အလုပ်ရုံစိတ်မှူး၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၄၁။ ဦးခင်မောင်ထွေး၊ အလယ်တန်းပြ၊ အမက(၂)၊ ငါန်းဇွန်မြို့၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၄၂။ ဦးထွေးအောင်၊ လ/ထညွှန်ကြားရေးမှူး၊ မြင်းခြံခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီး ဌာန

၄၃။ ဦးသိန်းအောင်၊ ဒု-လ/ထကြီးကြပ်ရေးမှူး(သစ်ခွဲစက်)၊ ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)သစ်စက် (ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာ ဝန်ကြီးဌာန

၄၄။ ဦးဌေးအောင်၊လျှပ်စစ်အရန်လုပ်ငန်း၊ပညာသည်အဆင့်(၁)၊ အလုံဓာတ်အားပေးစက်ရုံ၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၄၅။ အရှင်စန္ဒာဝရ၊ သံဃာတော်၊ ပိဋကတ်တိုက်ကျောင်း၊ သရက်တော ကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

၄၆။ ဦးတိုးကြွယ်၊ ဌာနခွဲစာရေး၊ မှုခင်းရေးရာဌာနစု(မြန်မာနိုင်ငံအောက်ပိုင်း)၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၄၇။ ဦးစိုးစိုးမင်း၊ လက်နှိပ်စက်စာရေး(ပ)၊ တိုင်းရောင်းဝယ်ရေးအရာရှိရုံး၊ (က)အဆင့် (မန္တလေးတိုင်းရုံး)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

၄၈။ ဦးစန်းလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ (လုံခြုံရေးဌာန)၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီး ဌာန

၄၉။ ဦးမင်းစိုးအောင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ မန္တလေးအချိုရည်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၅၀။ ဦးကျော်ရွှေ၊ အလုပ်ရုံစိတ်မှူး(စီမံရေး)၊ မရမ်းကုန်းအထည်စက်ရုံ အမှတ်(၁) မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၅၁။ ဦးကျင်မောင်၊ ခရိုင်စာရင်းစစ်ရုံး(အငြိမ်းစား)၊ (ဂ)ရပ်ကွက်၊ ၅/က၊ အိမ်အမှတ်(၁၅၇)၊ အေးသုခလမ်း၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့

၅၂။ ဦးဌေး၊ စက်မှုကျွမ်းကျင်(၄) စက်ဆင်၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ သံကိုယ်ထည်(၂)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၃။ ဦးမျိုးမြင့်၊ စက်မှုကျွမ်းကျင်(၄)၊ တွင်ရုံ၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၄။ ဦးကျော်သိန်း၊ စက်မှုကျွမ်းကျင်(၃)၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၅။ ဦးမျိုးသန့်၊ ရုံးအကူ(စာပို့)၊ အငှားယာဉ်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၆။ ဦးတင်အောင်၊လက်သမား(၄)၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ လူစီးတွဲရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၇။ လ-၇၅၅၆၉၊ရဲတပ်ကြပ်ကြည်သိန်း၊ လမ်းမတော်ရဲစခန်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၈။ ဦးဝိသုတ၊ သံဃာတော်၊ အောင်နန်းရိပ်သာကျောင်း၊ မဟာဝေယန်ဘုံသာတိုက်၊ ၃၅-၈၆ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၅၉။ ဦးဘသန်း၊ တောင်သူ၊ ဥယျာဉ်ရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း

၆၀။ ဦးစိန်ဝင်း၊ ကုန်သည်၊ ရတနာပုံ၊ အိမ်ထောင်ပရိဘောဂတိုက်၊ အမှတ်(၁၇၇)၊ ၂၆-၈၀ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၆၁။ ဦးအောင်ကြိုင်(ခ)ဦးအောင်မြိုင်၊ စက်မှုကျွမ်းကျင်(၃)၊ စက်မှု(ခ)၊ စီမံရေး(၂)၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၆၂။ ဦးလှဝင်း၊ လုံခြုံရေး(၅)၊ အုတ်ကျင်းဂုန်နီစက်ရုံ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၆၃။ ဦးဇော်မင်းအောင်၊ စက်မှုကျွမ်းကျင်(၃)၊စက်မှု၊ စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၆၄။ ဒေါ်ခင်ခင်မေ၊ မူလတန်းပြ၊ အမက(၁၈)တာမွေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၆၅။ ကိုယ်ပိုင်အမှတ်-၄၂၁၉၃၀၊ ဒုတပ်ကြပ်ကြည်သိန်း၊ အမှတ်(၂) မော်တော်ယာဉ် တပ်ရင်း(အင်းစိန်)၊ ကာကွယ်ရေးဝန်ကြီးဌာန

၆၆။ ဦးဌေးမြင့်၊ စာစစ်မှူး(ဝန်ကြီးရုံး)၊ သစ်တောရေးရာဝန်ကြီးဌာန

၆၇။ ဦးချစ်ကြည်၊ အငယ်တန်းလက်နှိပ်စက်(ဝန်ကြီးရုံး)၊ တွဲဖက်တာဝန်၊ ပြည်ပငွေကောက်ခံရေးဌာနစု၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာ ဝန်ကြီးဌာန

၆၈။ ဦးမြဝင်း၊လွှပြင်(၃)၊ အမှတ်(၆)သစ်စက်(ဗိုလ်တထောင်)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

၆၉။ ဦးသိန်းဦး၊ စက်မှုကျွမ်းကျင်(၄)၊ စက်ကိုင်၊ အမှတ်(၃)သစ်စက်(ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

၇၀။ ဦးခင်မောင်ဦး၊ ဝိုင်းဆရာ၊ အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

၇၁။ ဦးနန်းညွန့်၊ ဒု-တပ်ခွဲမှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း၊ အမှတ်(၁၁)၊ ဒူးယားလမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးခွန်ဂျာအောင်၊ နည်းပြ၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်

၂။ မောင်မြခိုင်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်း အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃။ မောင်နိုင်စစ်အောင်၊မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်း အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄။ မောင်ကျော်ခိုင်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်း အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅။ မတင်တင်ခိုင်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်း အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆။ ဦးခင်မောင်ကို၊ လ/ထနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၀၆
၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

(ယမန်နေ့မှအဆက်)

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁၉။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ အုင်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရုံးစည်းကြီးကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း
၂၀။ ဘဒ္ဒန္တဝဏ္ဏိတ၊ ရွာဦးပရိယတ္တိကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဒါတ်စာကုန်း ကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း
၂၁။ ဘဒ္ဒန္တအကုံရ၊ မြသိန်းတန်ကျောင်းတိုက်၊ ဒလက်အနောက်ကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်
၂၂။ ဘဒ္ဒန္တကုန္ဒက၊ မီးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မီးဝကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်
၂၃။ ဘဒ္ဒန္တသိရီ၊ မာလာရာမကျောင်းတိုက်၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၂၄။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ပုပ္ပါးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၂၅။ ဘဒ္ဒန္တခေမာဝံသ၊ ရန်ကုန်ကျောင်းတိုက်၊ (၇)အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၂၆။ ဘဒ္ဒန္တဉာဏဝံသ၊ ကမာကလူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၇။ ဘဒ္ဒန္တစန္ဒိမာ၊ စလေသီဂီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၁၅) ရပ်ကွက်၊ (၅)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၂၈။ ဘဒ္ဒန္တဥဂ္ဂံသ၊ ဓမ္မဇေယျာကျောင်းတိုက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
၂၉။ ဘဒ္ဒန္တပုညသေဠ၊ ပြည်လုံးချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ အမှတ်(၈)၊ ၇-အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၃၀။ ဘဒ္ဒန္တကုသလာဘိဝံသ၊ ခေမာသီဝံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ည-၁၁ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း
၃၁။ ဘဒ္ဒန္တသီလဝံသ၊ ပညာရာမိကမဟာကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၂။ ဘဒ္ဒန္တကဝိန္ဒ၊ မှန်ကင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ၁၀-တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၃၃။ ဘဒ္ဒန္တသူရိယ၊ အောင်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း
၃၄။ ဘဒ္ဒန္တတိက္ခာစာရ၊ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက်၊ မာလာရုံလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၅။ ဘဒ္ဒန္တဝါယမ၊ ဇေယျာတောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငါးဆူတောင်၊ အမှတ်(၃) ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း
၃၆။ ဘဒ္ဒန္တနန္ဒဝံသ၊ ပရဟိတဘုန်းတော်ကြီးသင်ဆုတောင်းပြည့်ကျောင်း၊ ကျောက်ရေတွင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၇။ ဘဒ္ဒန္တကုဒ္ဓိဗလ၊ မူလဆယ်တောင်ပြည့်ကျောင်းတိုက်၊ ဓ/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃၈။ ဘဒ္ဒန္တသူရိယ၊ ကျောက်ဂူတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘူတာရပ်ကွက်၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၃၉။ ဘဒ္ဒန္တတိဿ၊ မြို့ဦးကျောင်းတိုက်၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ဈေးနောက်ရပ်ကွက်၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်
၄၀။ ဘဒ္ဒန္တသုန္ဒရ၊ သီရိမင်္ဂလာတိုက်သစ်ကျောင်း၊ သမိန်ထောကုန်းတန်းရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း
၄၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ဓမ္မသုခကျောင်း၊ အင်းမရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း
၄၂။ ဘဒ္ဒန္တပညာစက္က၊ ပရဟိတကျောင်း၊ ရေစခန်းကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်း
၄၃။ ဘဒ္ဒန္တစိန္တာဝရ၊ ဇောတိကာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အစုကြီးကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်း
၄၄။ ဘဒ္ဒန္တဥတ္တမ၊ ဗလသုခကျောင်းတိုက်၊ ကြက်ဖမွေးဇောင်းရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၄၅။ ဘဒ္ဒန္တအဂ္ဂသာမိ၊ တတာကတဝိပဿနာကျောင်းတိုက်၊ ဆန်ဟိုဆေးမြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ
၄၆။ ဘဒ္ဒန္တပရအသိဂရရုရပုဇနေသုမာရုံတို၊ ဆန်းဖုဝကျောင်းတော်ကြီး၊ ကန်ချနပူရီ မြို့နယ်၊ ထိုင်းနိုင်ငံ
၄၇။ ဘဒ္ဒန္တဝိဝေကနန္ဒ၊ ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာ ဝိပဿနာတရားစခန်းကျောင်း လုမ္ဗိနီဖွံ့ဖြိုးရေးဒေသ၊ နီပေါနိုင်ငံ

သီလရှင်ဆရာကြီး

၄၈။ ဒေါ်ဓမ္မသီဂီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အောင်မင်္ဂလာရပ်၊ လေရှီးမြို့နယ်၊ စစ်ကိုင်းတိုင်း

ပြည်ပသီလရှင်

၄၉။ ဆရာကြီး အနဂါရိကသကျသီလ၊ သကျသီလကျောင်း၊ လာလစ်ပူမြို့၊ နီပေါနိုင်ငံ

လှူပုဂ္ဂိုလ်

၅၀။ ဒေါ်ဂျပ်ကော့၊ တပ်ကုန်းသာသနာပြုကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၅၁။ ဒေါက်တာခင်မောင်ညွန့်၊ အမှတ်(၄၄၉)၊ မိုးမခလမ်း၊ ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၅၂။ ဦးကျော်ခင်မြင့်၊ အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ (၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း
၅၃။ ဒေါ်တင်တင်စိန်၊ အမှတ်(၉)ပြည်သူ့လမ်း၊ ၇မိုင်၊ ပြည်လမ်း၊ ၆ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၅၄။ ဒေါ်ခင်လှတင်၊ အမှတ်(၄)၊ ဝင်္ဂဘာလမ်း၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိဿ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဉာဏိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လမ်းနို့(၁)ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တရေဝတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်
၄။ ဘဒ္ဒန္တကေတု၊ ရှင်ဗွေယန်သာသနာပြုဌာန၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်
၅။ ဘဒ္ဒန္တအာဒိစ္စ၊ ခဏ္ဍသိမ်ကျောင်း၊ တောင်ပိုင်းရပ်ကွက်၊ ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်
၆။ ဘဒ္ဒန္တဥက္ကံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မထောခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၇။ ဘဒ္ဒန္တသေဋ္ဌိလ၊ လောခုခူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်
၈။ ဘဒ္ဒန္တအာနန္ဒာသိဒ္ဓိ၊ မဟာသုခိတာရုံကျောင်းတိုက်၊ ပျားစခန်းသာသနာပြုဌာန၊ သံတောင်မြို့နယ်၊ ကရင်ပြည်နယ်
၉။ ဘဒ္ဒန္တနန္ဒသာရ၊ ကြာအင်းပေါ်တော်မူ ဝါးဘိုးတောသာသနာပြုဌာန၊ ကြာအင်းပေါ်တော်မူကျေးရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၁၀။ ဘဒ္ဒန္တဇောတိက၊ တောင်တန်းသာသနာပြုဗဟိုကျောင်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၁၁။ ဘဒ္ဒန္တသုဇန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဗားလုံကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်
၁၂။ ဘဒ္ဒန္တဥတ္တမ(စလင်း)၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်
၁၃။ ဘဒ္ဒန္တသီလာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွှိတွိကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၁၄။ ဘဒ္ဒန္တအာဒိစ္စ၊ ဇေယျာအောင်မြေကျောင်း၊ တပင်ရွှေထီးရပ်၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၅။ ဘဒ္ဒန္တရောဟဏ၊ ရွှေကျောင်းကြီးကျောင်း၊ တောင်ပိုင်းရပ်ကွက်၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၆။ ဘဒ္ဒန္တသံဝရ၊ မင်းမရွာဦးကျောင်းတိုက်၊ မင်းမအရှေ့ရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၇။ ဘဒ္ဒန္တမာဃိန္ဒာလင်္ကာရ၊ ဇေယျသုခကျောင်း၊ အင်းရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၈။ ဘဒ္ဒန္တစန္ဒိမာ၊ ပြည်လုံးချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွာသစ်ကျေးရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း
၁၉။ ဘဒ္ဒန္တနန္ဒိယ၊ မဟာသုခိတာရာမတောရကျောင်း၊ပေါ်မိုင်းရပ်ကွက်၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၀။ ဘဒ္ဒန္တသာဂရ၊ အောင်နိမိတ်ရောင်ခြည်ဦးကျောင်းတိုက်၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၁။ ဘဒ္ဒန္တသုဗောဓ၊ ဇမ္ဗူဒီပဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွာသာယာရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၂။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းယွန်းမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၃။ ဘဒ္ဒန္တသုနန္ဒ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ကသစ်ကုန်းရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း
၂၄။ ဘဒ္ဒန္တဇဝန၊ ရွှေပုဂံကျောင်းတိုက်၊ ရွှေညောင်ပင်ရွာ၊ ဖောင်းပြင်မြို့နယ်၊ စစ်ကိုင်းတိုင်း
၂၅။ ဘဒ္ဒန္တကုသလ၊ သာစည်ပရဟိတအုင်ကျောင်း၊ သာစည်စံပြကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၆။ ဘဒ္ဒန္တပညာနန္ဒ၊ သဒ္ဓမ္မသီတဂူကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂၇။ ဘဒ္ဒန္တအာစာရာလင်္ကာရ၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း
၂၈။ ဘဒ္ဒန္တအာစရ၊ တောင်သစ်ကျောင်းတိုက်၊ ကျောက်မြောင်းရပ်ကွက်၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း
၂၉။ ဘဒ္ဒန္တကုမာရ၊ မြို့မကြက်စားပြင်ကျောင်းကြီးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပရဟိတစေတနာ မူလတန်းကျောင်း၊ ကြက်စားပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း
၃၀။ ဘဒ္ဒန္တသုဇာတ၊ သံသရာအေးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၃၁။ ဘဒ္ဒန္တဂုဏသာရ၊ မဇော်ပြင်ကြီးထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၃၂။ ဘဒ္ဒန္တသုမင်္ဂလ၊ ပဒဲတောင်ကျောင်းတိုက်၊ ပဒဲကျေးရွာ၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း
၃၃။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ပန်းခြံကုန်းပရဟိတကျောင်းတိုက်၊ ပန်းခြံကုန်းရပ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၃၄။ ဘဒ္ဒန္တပညာဝရ၊ ဓမ္မအောင်မြေကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၃၅။ ဘဒ္ဒန္တဝိလာသ၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဓိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၃၆။ ဘဒ္ဒန္တဝိပုလဉာဏ၊ မင်္ဂလာရပ်စုံကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်း
၃၇။ ဘဒ္ဒန္တကောဝိဒ၊ ဂုဏဝန်ကျောင်းတိုက်၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ငဖဲမြို့နယ်၊ မကွေးတိုင်း
၃၈။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ကံယာတောရကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၊ စလေမြို့၊ ချောက်မြို့နယ်၊ မကွေးတိုင်း
၃၉။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ပတ္တပိုဏ်ကျောင်းတိုက်၊ ဖူလုံကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း
၄၀။ ဘဒ္ဒန္တတေဇောဘာသ၊ ဓမ္မာလင်္ကာရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငှက်ပျောတောကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၄၁။ ဘဒ္ဒန္တဝရိန္ဒ၊ သရက္ခါရာမရွာကြီးကျောင်းတိုက်၊ ရွာကြားရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်
၄၂။ ဘဒ္ဒန္တတိလောက၊ ဓမ္မဃောသကကျောင်းတိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၄၃။ ဘဒ္ဒန္တပဏ္ဍဝံသ၊ အောင်ဇမ္ဗူကျောင်းတိုက်၊ ဓမ္မရိပ်သာသိဟလမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၄၄။ ဘဒ္ဒန္တတေဇနိယျ၊ မုန်တိုင်လဲတောရကျောင်းတိုက်၊ မုန်တိုင်ရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း
၄၅။ ဘဒ္ဒန္တနရိန္ဒ၊ ကျောင်းကြီးကျောင်း၊ ဇီးတောရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း
၄၆။ ဘဒ္ဒန္တကုသလ၊ လေသာကျောင်းတိုက်၊ ထီးတော်မိုးရွာ၊ ကြာနီကန်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း
၄၇။ ဘဒ္ဒန္တသြဿပေဏ္ဍိတ၊ သစ္စာအောင်မြေကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၄၈။ ဘဒ္ဒန္တဝိလာသ၊ မန်ကျည်းအုပ်စုကျောင်းတိုက်၊ ရွှေစည်တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အမှတ်(၇)ရပ်ကွက်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း
၄၉။ ဘဒ္ဒန္တဉာဏိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မေတ္တာကန်၊ ရေလည်ကွေ့သာသနာပြုဌာန၊ ရေလည်ကွေ့ရွာ၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း
၅၀။ ဘဒ္ဒန္တတေဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျောက်စာတိုင်(နတလ) စံပြကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်
၅၁။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မောင်ရှင်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်
၅၂။ ဘဒ္ဒန္တပညာဘောဂ၊ အောင်မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၄)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၃။ ဘဒ္ဒန္တဥက္ကံသ၊ တာမိုးညဲထေရဝါဒတောင်တန်းသာသနာပြုဌာန၊ ဝေယံဘုံသာကျောင်းတိုက်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၄။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာမုနိဗဟိုသာသနာပြုကျောင်း၊ လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၅၅။ ဘဒ္ဒန္တစန္ဒာဝရ၊ ဇေတဝန်ပရိယတ္တိကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကျိုင်းဖောင်းကျေးရွာ၊ ယန်းလောအုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၅၆။ ဘဒ္ဒန္တကုမာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဟိုကျင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၅၇။ ဘဒ္ဒန္တဓမ္မပါလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ်းတောင်းရွာ၊ နားပေါ်အုပ်စု၊ တောင်ပေါ်(၅)အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၅၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၅၉။ ဘဒ္ဒန္တပညာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၆၀။ ဘဒ္ဒန္တပဏ္ဍဝံသ၊ အမှတ်(၁) ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ လျှမ်းပြည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုင်းရှူးတောင်ပေါ်ဒေသ၊ ဝမ်တန်ရပ်၊ ရှမ်းပြည်နယ်
၆၁။ ဘဒ္ဒန္တပိဋကောလ၊ ရှမ်းကျောင်းပရိယတ္တိစာသင်တိုက်၊ (၂)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း
၆၂။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ သုခိတာရုံညောင်ပင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေလဲအထက်ကျေးရွာ၊ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း
၆၃။ ဘဒ္ဒန္တကောသလ္လ၊ လမိုင်းပရိယတ္တိစာသင်တိုက်၊လမိုင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၆၄။ ဒေါ်မေဓာရီ၊ တိရတနာသီလရှင်စာသင်တိုက်၊ (၄)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၆၅။ ဒေါ်ကုမာစာရီ၊သာသနာ့ဂုဏ်ရည်သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်း၊နန္ဒင်းကုန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော စံပြကျေးရွာအဖြစ် သတ်မှတ်ခံရ ရရှိလာသော ရလဒ်ကောင်းများကို ထိန်းသိမ်း၊ အခြားကျေးရွာများအားကျလာအောင် ဆက်လက်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်ပြည်မ၊ မြို့ပြနှင့်ကျေးလက် မခွဲခြားဘဲ ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်အကြီး အကဲကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ချမှတ်လမ်းညွှန်ပေးခဲ့သည်။ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍများပါမကျန် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကပိုင်စံပြကျေးရွာသည် ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကို ခံစားရရှိနေပြီဖြစ်သည်။

ကပိုင်စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့သည် ဇန်နဝါရီ ၁ရက်တွင် သွားရောက်ကြည့်ရှု အားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းကူညီကြသည်။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကပိုင်စံပြကျေးရွာသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ဒေသခံပြည်သူ များက စောင့်ကြိုနှုတ်ဆက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာရှိ ၁ ဒသမ ၁၂၅ ဧက၌ ကြက်ဆူပင် ၁၅၀၀ စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ခြံစည်းရိုးကြက်ဆူပင် များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ စိုက်ပျိုးနေမှုများကို လှည့်လည်အားပေးကြသည်။

ထို့နောက် ကပိုင်စံပြကျေးရွာရှိ တိုးတက်အောင် လူငယ်ရိပ်သာနှင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခန်းမ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မီးသတ်အဆောက်အအုံ၊ အများသုံးတယ်လီဖုန်းရုံနှင့် Solar Cell လျှပ်စစ်ဓာတ်အားပေးစက်များစုပေါင်းဖွင့်ပွဲသို့ တိုင်းမှူးနှင့်ဝန်ကြီးတို့ တက်ရောက်အားပေး ချီးမြှင့်ကြပြီး ကျေးရွာဥက္ကဋ္ဌ၊ အရန်မီးသတ်တပ်စုမှူးနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျေးလက်အများသုံး တယ်လီဖုန်းရုံသို့ သွားရောက် ကြည့်ရှု စစ်ဆေးကြပြီး ကျေးရွာပြည်သူများ တယ်လီဖုန်းဆက်သွယ် အသုံးပြုမှုအခြေအနေများကို လေ့လာစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှူဒါန်းသော ရုပ်မြင်သံကြားစက်၊ အင်ဗာတာ၊ ဘက်ထရီနှင့် စာအုပ်စာတမ်းမျိုးစုံတို့ကို ဗဟိုအတွင်းရေးမှူးကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

စာကြည့်တိုက်ကို သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး စာဖတ်နေကြသည့် လူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများအား တိုင်းမှူးနှင့် ဝန်ကြီးတို့က ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စာကြည့်တိုက်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့် ရှောက်ရေး အသင်းဝင်များ၏ ငွေတိုးလုပ်ငန်းများနှင့် ကပိုင်ကျေးရွာမှ ဒေသခံပြည်သူများ၏ ကျေးလက်စကားဝိုင်းသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ ယင်းနောက် Solar Cell ဖြင့် လျှပ်စစ်မီးထွန်းခြင်းလုပ်ငန်းနှင့် အရန်မီးသတ်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်တိုက်နယ်ဆေးရုံဖွင့်ပွဲသို့ တက်ရောက် ချီးမြှင့်အားပေးကြပြီး တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ကပိုင်တိုက်နယ်ဆေးရုံ ကမ္ဗည်းမော်ကွန်းကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည်ကပိုင်တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လူနာများအား အားပေးစကား ပြောကြားကြသည်။ ကပိုင်တိုက်နယ်ဆေးရုံသို့ မုံရွာမြို့မှ အထွေထွေရောဂါ အထူးကု ဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများ၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများကတစ်နေ့ကုန် လာရောက်ပြီး ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၃၀၀ကျော်ကို စမ်းသပ်ကုသ အကြံဉာဏ်များပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာဈေး၊ ဝင်းသူဇာအရောင်းဆိုင်ခွဲနှင့် ဇီဝဒီဇယ်ဖြင့် အသုံးပြုမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်အားပေးကြပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး ကပိုင်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာဈေးအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကပိုင်စံပြကျေးရွာ အထက်တန်းကျောင်း၌ သင်ထောက်ကူ စာသင်ခန်းများကို သွားရောက်ကြည့် ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါ အထက်တန်းကျောင်းဝင်း၌ စစ်ကိုင်းတိုင်း စက်မှုလယ်ယာ ဦးစီးဌာနက ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ရိုင်း၏ အပင်နမူနာ နှင့် ဇီဝဒီဇယ်ဆီ ညှစ်ထုတ်စက် အသုံးပြုနိုင်မှုများကို ပြသပြီး လယ်ယာ(၁၆)လက်တွန်းထွန်စက်ကို လက်တွေ့ထုတ်လုပ်ထားသော ဇီဝဒီဇယ်ဆီဖြင့် မောင်းနှင်ပြသရာ ဒေသခံတောင်သူလယ်သမားများက အထူးစိတ်ဝင်စားစွာ ကြည့်ရှုမေးမြန်းကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ကပိုင်စံပြကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များနှင့်အတူ ကပိုင်စံပြကျေးရွာမှ ဒေသခံပြည်သူများ ရွာလုံးကျွတ်နီးပါး တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ကိုယ်စားကပိုင်စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးအောင်စန်းက ကျေးဇူးတင်စကားပြောကြားရာ၌ ကပိုင်စံပြကျေးရွာသည် ယင်းမာပင်မြို့နယ်၏ အစွန်အဖျားမှာတည်ရှိသည့်အတွက် ခေတ်အဆက်ဆက်ဖွံ့ဖြိုးမှု နောက်ကျခဲ့ပါကြောင်း၊ ယင်းမာပင်မြို့နှင့် ၂၁မိုင်၊ မုံရွာမြို့နှင့် ၄၅မိုင် ၄ဖာလုံ ကွာဝေးပြီး အိမ်ခြေ ၄၈၀၊အိမ်ထောင်စု ၅၂၀နှင့် လူဦးရေ ကျား၊မ စုစုပေါင်း ၄၀၂၉ဦး ရှိပါကြောင်း၊ ကပိုင်စံပြကျေးရွာအုပ်စု၌ ကပိုင်ကျေးရွာ၊ ကဖြူကျေးရွာ၊ ပေါင်း၀ကျေးရွာ စသည့်ရွာသုံးရွာ ဖွဲ့စည်းထားပြီး အလောင်းတော်ကဿပ သွားသည့်လမ်းပေါ်၌တည်ရှိသော စံပြကျေးရွာဖြစ်ပါကြောင်း။

တပ်မတော် အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နိုင်ငံတော်၏ ထောက်ပံ့ဖြည့်ဆည်းပေးမှု၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုတို့နှင့်အတူ ကျေးရွာလူထုများ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်ကျေးဇူးတင်မိပါကြောင်း၊ ပညာရေးကဏ္ဍတွင် ၁၉၅၄ခုနှစ်က မူလတန်းကျောင်းသာ ဖွင့်လှစ်နိုင်ပြီး ၁၉၉၁ခုနှစ်တွင် အလယ်တန်းကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၉၆ခုနှစ်တွင် တွဲဖက်အထက်တန်းကျောင်းနှင့် ၂၀၀၅ခုနှစ်တွင် အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့သည့်အတွက် အထက်တန်းပညာကို မိမိတို့ကျေးရွာမှာပင် အလွယ်တကူ သင်ယူနိုင်နေပြီဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာသင်ကြားနိုင်

ခေတ်မီပညာရပ်များ သင်ကြားနိုင်ရေးအတွက် သင်ထောက်ကူစာသင်ခန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်က မမြင်ဖူးခဲ့သည့် ကွန်ပျူတာများပင် အထက်တန်းကျောင်း၌ ငါးလုံး ရရှိနေပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာများ သင်ကြားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကိုလည်း နိုင်ငံတော်မှ ထည့်ဝင်ငွေကျပ်သိန်း ၂၀နှင့်ကျေးရွာပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၂၀တို့ဖြင့် ဆောက်လုပ်နိုင်ခဲ့ပြီး ပညာရေးအတွက် စိတ်အေးရပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ၁၉၈၀ ပြည့်နှစ်က ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ယခုအခါစုစုပေါင်းတန်ဖိုး ၉၉ ဒသမ ၇၄သိန်း ကုန်ကျခံဆောက်လုပ်ထားသောတိုက်နယ်ဆေးရုံအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ငွေကျပ်သုံးသိန်းနှင့် ဘိလပ်မြေအိတ် ၂၅၀၊ သံဆန်ခါ ၆၈ချပ်၊ သွပ်အချပ် ၁၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များဖြစ်ကြသည့် စစ်ကိုင်းတိုင်း တာဝန်ခံ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က ငွေကျပ် ၁၂သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်မာလေးတန်၊မုံရွာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၀သိန်းစီနှင့် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၄သိန်း၊ ပစ္စည်းပံ့ပိုးမှုတန်ဖိုးငွေကျပ်သိန်း ၂၀တို့ဖြင့် တည်ဆောက်ခဲ့ပါကြောင်း။

ဗဟုသုတများရရှိ

ဒေသခံပြည်သူများ ဗဟုသုတနှင့် အသိပညာတိုးတက်မြင့်မားရေးအတွက် ကျေးလက်စာကြည့်တိုက်ကို ဖွင့်လှစ်နိုင်ခဲ့၍ နေ့စဉ်ထုတ်သတင်းစာများကို အချိန်နှင့်တစ်ပြေးညီ မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများကို ဖတ်ရှုရသည့်အတွက် ဗဟုသုတများစွာ ရရှိပြီး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

မြန်မာနိုင်ငံ ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိခွင့်ရရှိခဲ့သည့်အတွက် ဝမ်းသာကြည်နူးမဆုံးဖြစ်ရပါကြောင်း။

ယင်လုံအိမ်သာ တည်ဆောက်မှုမှာ ၁၀၀ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်အောင် ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက် အောင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးလက်နှင့် မြို့ပြကွာဟမှုနည်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို တပ်မတော်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာသည့်အခွင့်ရလဒ်ကောင်း ဖွံ့ဖြိုးတိုးတက်မှုကို အခြားလူများငေးကြည့်ရအောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

အချိန်မရွေးသွားလာနိုင်

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မြမြဝင်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယခင်က ကပိုင်ကျေးရွာမှ ယင်းမာပင်မြို့ကို နွေရာသီတွင် ၁၂ နာရီကြာသွားရပြီး မိုးတွင်းကာလတွင် ယမားချောင်းရေကြီးပါက ခုနစ်ရက်ကြာမှ ရောက်ခဲ့ရပါကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ မြောက်ယမားတံတားကို တည်ဆောက်ပေးခဲ့ခြင်းကြောင့် နေ့ချင်းပြန်သွားနိုင်ပြီဖြစ်ကြောင်း၊ ကပိုင်ကျေးရွာသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းမကြီးပေါ်သို့ ၁၀ မိုင် ၄ ဖာလုံ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခဲ့ခြင်းကြောင့် အချိန်မရွေး ရာသီမရွေး သွားလာနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုအခါ ကပိုင်ကျေးရွာ၌ ဆိုင်ကယ်သံတည်ညံဖြင့် တိုးတက်လာခဲ့ပြီး မောင်တော်ဆိုင်ကယ် ၁၆ စီး၊ မော်တော်ကားတစ်စီး၊ ရုပ်မြင်သံကြားဖမ်းစက် ၂၂ လုံး၊ ဂြိုဟ်တုစလောင်း သုံးခု၊ စက်ရေတွင်း တစ်တွင်း၊ လက်နှိပ်တုံကင် ၂၁၂ တွင်း၊ အများသုံးရေကန် တစ်ခု၊ ရိုးရိုးရေတွင်း ၁၀၁ ခုတို့ဖြင့် သွားလာရေးနှင့် ရေကောင်းရေသန့်ရရှိရေး အဆင်ပြေတိုးတက်လျက်ရှိပါကြောင်း။

စီးပွားရေး

စီးပွားရေးအရ လယ်ယာမြေအသုံးချမှု ၁၅၆၄၆၂ ဧကရှိပြီး ခိုင်းနွားအပါအဝင် နွား ၂၉၅၃ ကောင်၊ ဝက် ၁၈၆ ကောင်၊ ဒေသကြက် ၂၀၀၃ ကောင်၊ ဆိတ် ၃၂ ကောင်၊ ဥစားကြက်များ မွေးမြူရေးခြံ တစ်ခု၊ ဗွီဒီယိုရုံ သုံးရုံ၊ စီဒီအိုကေ ခုနစ်ရုံ၊ ကက်ဆက် ၅၁ လုံး၊ ရေဒီယိုအလုံး ၆၀၊ အသံချဲ့စက်ခြောက်လုံးတို့ကို ပိုင်ဆိုင်သော စီးပွားဖြစ်လုပ်ငန်းများ၊ သစ်တောထွက်လုပ်ငန်းပိုင်ရှင်များ၊ သီးနှံမျိုးစုံရောင်းဝယ်ရေးနှင့် ကုန်စုံဆိုင်အိမ်ဆိုင် ၁၅ ခု၊ ဆန်ဖူလုံမှု ၁၃၂ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၄၃၄ ရာခိုင်နှုန်းဖြင့် စီးပွားရေးဖြစ်ထွန်းတိုးတက်မှုများကို လက်တွေ့ခံစားနေရပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် မဟာဘွဲ့ရ တစ်ဦး၊ ရိုးရိုးဘွဲ့ဒီဂရီရ ၂၅ ဦး၊ HA တစ်ဦး၊ GTI တစ်ဦး၊ သားဖွား သုံးဦး၊ အထက်တန်းအောင် ၅၅ ဦး၊ အလယ်တန်းအောင် ၂၅၀၊ မူလတန်းအောင် ၁၇၅၀၊ ဘုန်းကြီးကျောင်းထွက် ၁၅၄၃ ဦး ပေါ်ထွက်ခဲ့ပါကြောင်း။

မိုးသီးနှံ၊ ဆောင်းသီးနှံများဖြစ်သည့် စပါး၊ ဆီထွက်သီးနှံ နှမ်းနှင့် နေကြာ၊ ပဲမျိုးစုံ၊ ဝါ၊ ဂျုံ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံနှင့် စားပြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုမှာလည်း အောင်မြင်ဖြစ်ထွန်းလျက် ဒေသခံပြည်သူများ စီးပွားဖြစ်တိုးတက်လျက်ရှိပါသဖြင့် ကပိုင်စံပြကျေးရွာအဖြစ် မြှင့်တင်ပေးခဲ့သော နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူအားလုံးကို ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကပိုင်စံပြကျေးရွာအထက်တန်းကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၂၀၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျေးလက်ခန်းမ၌ အသုံးပြုရန် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကပိုင်စံပြကျေးရွာ "တိုးတက်အောင်" စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံနှင့် အားကစားပစ္စည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်၊ အင်ဗာတာနှင့် ဘက်ထရီအိုးတစ်လုံးစီနှင့် စာအုပ်စာတမ်းမျိုးစုံတို့ကို ဗဟိုအတွင်းရေးမှူးကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ပေးအပ်လှူဒါန်းပြီး စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ကပိုင် စံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့အတွက် ဝတ်စုံများကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ထိုင်းရေကူး အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (ကြေးမုံ)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ မော်လမြိုင်၊ မြိတ်နှင့် မန္တလေးမြို့များ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောရဝတီကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပပြီး နံနက် ၇ နာရီတွင် (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်ဂုဏ်ဆောင်ဆုရရှိကြသူများနှင့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အထက်တန်းကျောင်းခွဲများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့က လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်း မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖတ်ကြားသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးမှုတ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၈ နာရီခွဲတွင် တိုင်းမှူးသည် တိုင်းရန်အောင်ခန်းမ၌ ကျင်းပသည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ကလေးပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်၍ ကလေးပြိုင်ပွဲတွင် ဆုရကလေးနှင့် မိခင်များအား တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီက မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ကဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

မဟာဗန္ဓုလထရက်တာ ကုမ္ပဏီဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၅

မဟာဗန္ဓုလ ထရက်တာ ကုမ္ပဏီလီမိတက်စတင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် ကုမ္ပဏီတည်ရှိရာ လှိုင်သာယာစက်မှုဇုန်(၄) မင်းကြီးမဟာမင်းခေါင်လမ်း အမှတ်(၁၅၂)၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စာပေနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ကုမ္ပဏီအသီးသီးမှ အထူးဖိတ်ကြားထားသူများ၊ မဟာဗန္ဓုလထရက်တာ ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုမ္ပဏီအဆောက်အအုံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် HCM(S) Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Simon H.G. Poh တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ဆက်လက်ပြီး ဖွင့်ပွဲအခမ်းအနားကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ မဟာဗန္ဓုလ ထရက်တာ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြေးမုံဝင်းက အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် မန်နေဂျင်းဒါရိုက်တာ Mr. Simon H.G. Poh တို့က အသီးသီး အမှာစကားပြောကြားကြပြီး ကုမ္ပဏီဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဂရင်းနိုက်ကျောက်တုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဟာဗန္ဓုလထရက်တာ ကုမ္ပဏီသည် Hitachi Construction Machinery မှ ထုတ်လုပ်သော လုပ်ငန်းခွင်သုံး စက်ယန္တရားကြီးများနှင့် စက်အရန်ပစ္စည်းများ ရောင်းချပေးခြင်း လုပ်ငန်းအပြင် ၎င်းစက်ယန္တရားကြီးများအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံတွင် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ထိုင်းရေကူးအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေး ဖိတ်ခေါ် ရေကူးပြိုင်ပွဲနှင့် ရေထဲကဘဲလေး သရုပ်ပြပွဲတို့ကို ယှဉ်ပြိုင်သရုပ်ပြသခဲ့သော Maj-Gen Pichit Boonyatikarn ခေါင်းဆောင်သော ထိုင်းရေကူးအဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ ည ၇ နာရီက ကရဝိက်နန်းတော်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုပွဲတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ထိုင်းရေကူးအဖွဲ့ခေါင်းဆောင် Maj-Gen Pichit Boonyatikarn က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ထိုင်းရေကူးအဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ထိုင်းရေကူးအဖွဲ့ခေါင်းဆောင် Maj - Gen Pichit Boonyatikarnက ဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ တာဝန်ခံ နာယကများအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလအတွက်

(၈-၁-၂၀၀၆) ရက်နေ့ နှင့်

(၂၉-၁-၂၀၀၆) ရက်နေ့

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးဆက်လက်ကျင်းပ

လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြား

ရန်ကုန် ဇန်နဝါရီ ၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)** အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- * **လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝနေရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်တွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာနေစေရန် တည်ဆောက်ထားရမည်ဖြစ်သည်။** ခေါင်းကြီး (စာမျက်နှာ-၂)
- * **အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ**
  သတင်းဆောင်းပါး (စာမျက်နှာ-၅)
- * **၁၉၀၆ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့တွင် တည်ထောင်ခဲ့သော သီရိလင်္ကာ ရွှေကျောင်းဂိုဏ်းသည် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့တွင် နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်သည်။**
  အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး) ၏ "သီရိလင်္ကာရွှေကျင်သာသနာ ရာပြည့်ပွဲ"
  ဆောင်းပါး (စာမျက်နှာ-၆)